ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၁၂) ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်**

**( ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက် )**

**[တနင်္လာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၂။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန် အစည်းအဝေးရဲ့ (၁၂)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမ အကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၅)ဦး ရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၅၉)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၃.၉၅) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော် ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော် ဆိုင်ရာနည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ပထမအကြိမ်အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၁၂)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးစိုင်းမြမောင်၊ ကချင်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဖုန်းမြင့်အောင်၊ ရန်ကုန်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းသိန်း၊ ဧရာဝတီ(၉)၊ ကျန်းမာရေး။ ဦးလှဆွေ၊ မကွေး(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမင်းလွန်းအောင်၊ မွန်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ချိုဦး၊ ပဲခူး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဌေးဝင်း၊ ရခိုင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသက်နိုင်ဦး၊ ပဲခူး(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသက်လင်း၊ ဧရာဝတီ(၈)၊ ကျန်းမာရေး။ ဒေါက်တာဌေးဝင်း၊ ဧရာဝတီ(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောသောင်းဖေ၊ မွန်(၈)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးတင်မြ၊ စစ်ကိုင်း(၇)၊ ကျန်းမာရေး။ ဗိုလ်မှူးချုပ်ကျော်ကျော်စိုး၊ တပ်မတော်၊ တာဝန်။ ဗိုလ်မှူးကျော်နေမင်း၊ တပ်မတော်၊ တာဝန်။ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ကျန်းမာရေး။ ဦးစိုးသက်၊ တနင်္သာရီ(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးအောင်၊ မန္တလေး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတင်မောင်ဝင်း၊ မန္တလေး(၃)၊ ကျန်းမာရေး။ ဦးသိမ်းဆွေ၊ ဧရာဝတီ(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသော်ဇင်ဦး၊ မကွေး(၉)၊ ကျန်းမာရေး။ ဦးစိုင်းသာစိန်၊ ကယား(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဆလိုင်းခွဲယန်၊ ချင်း(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးထွန်းကျော်၊ ရှမ်း(၁၀)၊ ကျန်းမာရေး။ ဦးမောင်မောင်အေး၊ ဧရာဝတီ(၁၁)၊ ကျန်းမာရေး။ ဒေါက်တာဌေးနိုင်၊ ဧရာဝတီ(၇)၊ ကျန်းမာရေး။ ဦးလှိုင်ဦး၊ ဧရာဝတီ(၁၂)၊ ကျန်းမာရေး။ ဦးစိုင်းဝင်းမောင်၊ ရှမ်း(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဉာဏ်လင်း၊ ရှမ်း(၁)၊ ကျန်းမာရေး။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှစိုး၊ တနင်္သာရီ(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကော်ရိုင်း၊ ကယား(၉)၊

ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာအေးမောင်၊ ရခိုင်(၁)၊ အစည်းအဝေး။ ဦးခင်မောင်လတ်၊ ရခိုင်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်ကျော်၊ ရခိုင်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမင်းဦး၊ ပဲခူး(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမြင့်နိုင်၊ စစ်ကိုင်း(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ကြည်ညွန့်၊ မကွေး(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်နန်းနီနီအေး၊ ကရင်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းကျော်ဇောသန်း၊ ရှမ်း(၂)၊ ကျန်းမာရေး။ ဦးစောအေးမြိုင်၊ ကရင်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတင်မြင့်၊ ပဲခူး(၃)၊ ကျန်းမာရေး။ ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်း(၄)၊ ကျန်းမာရေး။ ဦးဝင်းတင့်၊ စစ်ကိုင်း(၁)၊ ကျန်းမာရေး။ ဒေါက်တာခင်မောင်လေး၊ ပဲခူး(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမိုးမြင့်၊ တနင်္သာရီ(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသန်းမြင့်၊ တနင်္သာရီ(၁၀)၊ ကျန်းမာရေး။ ဦးစောမော်ထွန်း၊ ပဲခူး(၁)၊ ကျန်းမာရေး။ ဦးစိုးဟန်လင်း၊ ဧရာဝတီ(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းသန့်ဇင်၊ ရှမ်း(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များအပေါ် လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၅)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၅၁)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၅၆)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ ကချင်ပြည်နယ်၊ ဖားကန့်ဒေသတွင် မြေစာတောင်ပြိုၡ၍ လူရာချီ သေဆုံးမှုမျိုး ထပ်မံမဖြစ်ပွားရန်အတွက် ကြိုတင်ကာကွယ် စီမံဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန် တင်သွင်းထားသည့် ကချင်ပြည်နယ်၊ ဖားကန့် ဒေသတွင် မြေစာတောင်ပြိုၡ၍ လူရာချီသေဆုံးမှုမျိုး ထပ်မံမဖြစ်ပွားရန်အတွက် ကြိုတင်ကာကွယ် စီမံ ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးဖို့ လွှတ်တော် ကိုယ်စားလှယ်(၉)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမြအုန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၁၂။**

**ဦးမြအုန်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်မဲဆန္ဒနယ် အမှတ် (၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြအုန်းပဲ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန် ရဲ့ အရေးကြီး အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်အား Power Point ဖြင့် တင်ဆက်ခွင့်ပြုဖို့ ခွင့်ပန်ကြားအပ်ပါတယ်။ ထပ်မံပြီးတော့လည်း အချိန်အနည်းငယ်တိုးပေးဖို့ တင်ပြအပ်ပါတယ်။ Next ဒီပုံကတော့ဖြင့် ကျွန်တော်တို့ ဖားကန့်မြို့နယ်ရဲ့ ကျေးရွာအုပ်စု တည်နေရာပြ၊ အညွှန်းပြမြေပုံဖြစ်ပါတယ်။ ကျွန်တော်တို့ ဖားကန့်မြို့နယ်မှာ အိမ်ထောင်စု ပေါင်းက သုံးသောင်းကျော်ရှိပါတယ်။ လူဦးရေက (၃၁၀၀၀၀)၊ ကျေးရွာအုပ်စု (၂၁)အုပ်စုမှာ ကျေးရွာ ပေါင်း စုစုပေါင်း(၁၂၀)ရွာအနက် (၅၄)ရွာက ပြည်ထဲရေးဝန်ကြီးဌာန အမည်ပေါက်ရွာ ဖြစ်ပြီးတော့ ကျန်(၆၆)ရွာက တိုးချဲ့ တိုးတက်လာတဲ့ တိုးပွားလာတဲ့ ရွာတွေ ဖြစ်ပါတယ်။ အဲဒီတော့ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလကုန်အထိ မြေပြိုကျမှု အကြိမ်ပေါင်းက(၃၇)ကြိမ် ရှိပြီးဖြစ်ပါတယ်။

အဲဒီတော့ ပြီးခဲ့တဲ့ နိုဝင်ဘာလ (၂၁)ရက်နေ့ ဖြစ်စဉ်မှာဆိုရင် ဒေသရဲ့သတင်းများအရက ပျောက်ဆုံးနေတာ (၂၀၀)ဖြစ်ပါတယ်။ သို့သော်လည်း စာရင်းအရ(၁၃၀)ဖြစ်ပြီးတော့ ပြန်လည်တူးဖော် ရရှိတဲ့ ရုပ်ကလပ်(၁၁၄)လောင်းရှိတာကို တွေ့ရှိရပါတယ်။ အဲဒီတော့ မြေပြိုကျမှု ကျွန်တော်တို့ဒေသ တွင်းမှာ အများဆုံးဖြစ်နိုင်တဲ့ကျေးရွာတွေကတော့ လုံးခင်းကျေးရွာအုပ်စု၊ တစ်ခါ မော်စီဆာကျေးရွာ၊ ဆိပ်မူလို့ခေါ်တဲ့ ဆိုင်းတောင်ကျေးရွာအုပ်စု၊ ကရင်ချောင်ကျေးရွာ၊ ဆိုင်းဂျာဘွမ်ကျေးရွာနဲ့ တာမခန် ကျေးရွာစတဲ့ ဒေသအသီးသီးမှာဆိုရင် ဒါကျွန်တော်တို့ မြေပြိုမှုနဲ့ဖြစ်စဉ်တွေ အများဆုံးဖြစ်တဲ့ဒေသများ ဖြစ်ပါတယ်။ အဲဒီတော့ ဖားကန့်ဒေသအတွင်းမှာ ကုမ္ပဏီပေါင်း(၈၀၈)ခု လာရောက်ပြီးတော့၊ ကျွန်တော် တို့ စီးပွားရှာကြပါတယ်။ အဲဒီတော့ တစ်ဧကကွက် လုပ်ကွက်ပေါင်းက(၁၅၀၀၀)ကျော် ရှိပြီးတော့ တစ်ခါ အကျိုးတူကုမ္ပဏီပေါင်းက(၂၂၂)ကုမ္ပဏီရှိပြီးတော့ လုပ်ကွက်ပေါင်းက (၃၀၂)ကွက် ရှိပါတယ်။ Next ဒီပုံကတော့ ကျွန်တော်တို့ ဖားကန့်မြို့နယ်တွင်းမှာရှိတဲ့ ဥရုချောင်း၊ အဲဒီ ဥရုချောင်းအတွင်းကို စီးဝင်နေတဲ့

ချောင်းလက်တက်ပြ မြေပုံများဖြစ်ပါတယ်။ အဲဒီတော့ ဒီချောင်းလက်တက်တွေဟာ မြို့နယ်တွင်းမှာရှိတဲ့ ရပ်ကွက်တွေ၊ မှော်ကျေးရွာတွေ အဲဒီအတွင်းကနေပြီးတော့ ဖြတ်သန်းစီးဆင်းပြီးတော့ ကျွန်တော်တို့ ဥရုချောင်းထဲကို စီးဝင်နေပါတယ်။

ဆိုလိုတာက ဒီချောင်းလက်တက်ပေါင်းဟာ(၂၀)ရှိပြီးတော့ ဒီချောင်းလက်တက်တွေရဲ့ဘေးမှာ ဟိုးယခင်ကဆိုရင် ချိုင့်ဝှမ်းကြီးတွေနဲ့ လျှိုကြီးတွေ ရှိခဲ့ပါတယ်။ အဲဒီတော့ ဆန်ခါချောင်းကနေပြီးတော့ ကျွန်တော်တို့ စစ်ကိုင်းတိုင်းအစပ် ကျွန်တော်တို့ နမ့်ပုတ်ချောင်းအထိ ချောင်းလက်တက်ပေါင်း(၂၀) ရှိပါတယ်။ ဆက်လက်ပြီးတော့ ဒီနေ့ ဖားကန့်မြို့နယ်တွင်းမှာ စုပေါင်းမြေစာပုံနဲ့ စပ်လျဉ်းပြီးတော့ ကျွန်တော်တို့ (၁၁)နေရာ သတ်သတ်မှတ်မှတ် စီစဉ်ဆောင်ရွက်ထားပါတယ်။ ဒါတွေကတော့ ဒေသရဲ့ ကျွန်တော်တို့ မှော်များရဲ့လုပ်ကွက်များ အနေအထားအရ စုပေါင်းမြေစာပုံတွေကို အနည်းဆုံး ဧက(၃၀) ကနေပြီးတော့ အများဆုံးဧက(၂၀၀)အထိ ဒါက စုပေါင်းမြေစာ စွန့်ပစ်ဖို့ဆိုပြီးတော့ စည်းကမ်းနဲ့ ကျွန်တော်တို့ သတ်မှတ်ထားတဲ့ အနေအထားများ ဖြစ်ပါတယ်။ အချိန်အရ ကျွန်တော် နာမည်များကိုတော့ ဒီစုပေါင်းမြေစာပုံရဲ့ အမည်များကို ဖော်ပြခြင်း မပြုတော့ပါဘူး။ Next ဒီဟာကတော့ ကျွန်တော်တို့ ယာယီရေကျော်ကူးလမ်းလို့ခေါ်ပါတယ်။ လုံးခင်းကျေးရွာအုပ်စုမှာ ရှိပါတယ်။ ဒီခုဖြစ်တဲ့ ဖြစ်စဉ်တွေ တဖြည်းဖြည်းစုပေါင်းလာရင် မြေစာတောင်ပြိုတော့ အင်မတန်မှကြီးမားတဲ့ မြေစာပုံကြီးတွေ ဖြစ်လာတယ်။

အဲဒီတော့ ဒီချောင်းကို ကျွန်တော်တို့က ယာယီရေကျော်ချောင်းလို့ ကျွန်တော်တို့ ခေါ်ပါတယ်။ အဲဒါကိုလည်း ကျွန်တော် ပထမအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ ဒါ ကျွန်တော် ကြယ်ပွင့်ပြမေးခွန်း မေးထားပါတယ်။ အဓိကကတော့ ဒီရေကျော်ကားလမ်း၊ ရေကျော်ချောင်းတွေ ဖောက်တာဟာ ပြန်ပြီးတော့ သူ့ကိုမပြင်ဘူးဆိုရင် ဥရုချောင်းကြမ်းပြင် မြင့်တက်ပြီးတော့ ကျွန်တော်တို့ ရေဘေးအန္တရာယ်ဖြစ်ရတဲ့ အဓိကအကြောင်းရင်းထဲမှာလည်း ပါပါတယ်။ ဒီနေ့ ဒီအချိန်ခါမှာတော့ ဒီယာယီရေကျော်လမ်းတွေ ခွင့်ပြုတာကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ အမှုဆောင်အရာရှိ စည်ပင်၊ ကျောက်စိမ်းတူးဖော်ရေးဌာန၊ မြို့နယ်အထောက်အကူပြုအဖွဲ့တွေကနေပြီးတော့ ဝန်ခံကတိပြု လက်မှတ်တွေရေးထိုး ပြီးတော့ သတ်မှတ်တဲ့အချိန်မှာ ဒီရေကျော်ချောင်းကူးလမ်းတွေကို ဖျက်သိမ်းဖို့အတွက် ဒါ စီမံဆောင်ရွက်ထားပါတယ်။ Next ဒါကလည်းပဲ ခုန ကျွန်တော် ဆွေးနွေးတင်ပြတဲ့ ရေကျော်ချောင်းကူးလမ်း ဒါ အင်မတန်မှ အန္တရာယ်များတဲ့အတွက် သက်ဆိုင်ရာအဖွဲ့၊ ကျွန်တော်တို့ကော်မတီဝင်များက ဒီလမ်းကို လာပြီးတော့ စစ်ဆေးနေတဲ့ပုံဖြစ်ပါတယ်။ ဆိုလိုတာက ဒီ တစ်ဖက်ကမ်းမှာ လုပ်ကွက်တွေရှိပြီးတော့ တစ်ဖက်ကမ်းမှာ ကျွန်တော်တို့ စွန့်ပစ်မြေစာ သတ်မှတ်ထားတဲ့နေရာတွေရှိသလို ကျွန်တော်တို့ မျှောစင်လို့ခေါ်တဲ့ ကျောက်ရှာတဲ့နေရာများလည်း ရှိပါတယ်။

Next ဒီပုံကတော့ဖြင့် ကျွန်တော်တို့ ဒီဘက်ကမ်းက တံတားရဲ့ဒီဘက်ကမ်းကရွာတစ်ရွာဖြစ်ပါ တယ်။ အဲဒီ တံတားလေးကိုကျော်လိုက်ရင် ကျွန်တော်တို့ မှော်ရွာပေါ့။ ကျေးရွာဖြစ်ပါတယ်။ အဲဒီ အထက်ကိုကြည့်လိုက်ရင် ကျွန်တော်တို့ အင်မတန်မှကြောက်စရာကောင်းတဲ့ စုပေါင်းမြေစာပုံတွေ၊ မြေစာပုံတွေရှိနေပါတယ်။ မြေစာပုံအဟောင်းတွေရှိနေသလို မြေစာပုံအသစ်များလည်း ရှိနေတဲ့ပုံ ဖြစ်ပါတယ်။ Next ဒါကတော့ ကျွန်တော်တို့ စောစောက ကျွန်တော်တို့ ရေကျော်လမ်းကနေပြီးတော့ သယ်လာတဲ့ မြေစာ၊ ဒီမြေစာတွေကို မျှောစင်ဆောက်ပြီးတော့ ကျောက်စိမ်းရိုင်း ရှာနေခြင်းဖြစ်ပါတယ်။ အဲဒီတော့ ဒီ

မျောစင် တွေကနေပြီးတော့ ထွက်လာတဲ့ သဲနုန်းမြေစာတွေ၊ ခဲမြေစာတွေကို သတ်မှတ်ထားတဲ့ စုပေါင်းမြေစာပုံကို စွန့်ပစ်ခြင်းမရှိဘဲနဲ့ အချို့ကုမ္ပဏီတွေဟာ အဲဒီဧရိယာအတွင်းမှာပဲ စွန့်ပစ်နေတဲ့ အနေအထားရှိကြောင်းကိုလည်း တင်ပြအပ်ပါတယ်။

Next လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ မြေစာသယ်တဲ့ပုံတွေ၊ ကျောက်တူးနေတဲ့ပုံတွေကို မှတ်တမ်းမှတ်ရာများဖြင့် တင်ပြမှာဖြစ်ပါတယ်။ ဖားကန့်ဒေသမှာ ဒီနေ့ဒီအချိန်ခါမှာဆိုရင် နေ့ညစဉ်ဆက်မပြတ် အတိုင်းအဆမရှိတဲ့ ကျောက်တူးဖော်ခြင်း၊ စွန့်ပစ်မြေစာများကိုလည်း စက်အင်အားကြီးမားတဲ့ မြေသယ်ကားကြီးတွေ၊ စက်အင်အားကြီးမားတဲ့ မြေသယ်ကားကြီးတွေဆိုတာ ကျွန်တော်တို့ကားဘီးတွေဟာ လူ့တစ်ရပ် အရပ်ထက်ပိုပြီးတော့ကြီးတဲ့ ကားကြီးတွေဖြစ်ပါတယ်။ အချိန်ပြည့်သယ်ယူနေတယ်။ ထွက်ရှိလာတဲ့ စွန့်ပစ်မြေစာက ပမာဏများတယ်။ သတ်မှတ်ထားတဲ့ စုပေါင်းမြေစာပုံကို အရောက်လည်း မစွန့်ပစ်ဘူး။ အဲဒီလိုဖြစ်စဉ်တွေကြောင့် ကျွန်တော်တို့ဒေသအတွင်းမှာ သဘာဝပတ်ဝန်းကျင်တွေက ထိခိုက်ပျက်ဆီးပြီးတော့ ဆိုးကျိုးတွေ စဉ်ဆက်မပြတ် ဖြစ်ပွားနေတာကို တင်ပြအပ်ပါတယ်။

ဒါကြောင့်လည်း သတ္တုတူးဖော်တဲ့နေရာမှာ အသုံးပြုတဲ့စက်ယန္တရားကြီးများကို အရေအတွက်တွေလျှော့၊ သတ္တုထုတ်လုပ်မှုပမာဏကိုလည်း နိုင်ငံတော်ရဲ့ရေရှည်အကျိုးအတွက် ထိန်းချုပ်မှုများ ပြုလုပ်ပေးနိုင်ပါရန် မှတ်တမ်းဓာတ်ပုံများဖြင့် တင်ပြအပ်ပါတယ်။ Next ဒါကတော့ ကျွန်တော်တို့ စပေ့ါကျေးရွာမှာ ကျောက်မျက်တူးဖော်နေတဲ့ ပုံဖြစ်ပါတယ်။ Next ဒါကလည်း ကျောက်မျက် တူးဖော်နေတဲ့ပုံ ဖြစ်ပါတယ်။ Next ဒါက ကျွန်တော်တို့ မြေစာတွေ ကျွန်တော်တို့ သတ်မှတ်ထားတဲ့ နေရာကို သွားနေတဲ့ပုံ ဖြစ်ပါတယ်။ Next ဒါက ကျွန်တော်တို့ မိမိရဲ့လုပ်ကွက်အနီးမှာပဲ ကျွန်တော်တို့က ဒီမြေစာကားကြီးတွေရဲ့ဘီးဟာ အင်မတန်မှ မြင့်မားပြီးတော့ ကျွန်တော်တို့ တန်ချိန်လည်းအများကြီးဆံ့တဲ့ မြေစာတန်ချိန် အများကြီးသယ်လို့ရတဲ့ နောက်ဆုံးပေါ်ကားကြီးတွေ ဖြစ်ပါတယ်။ အဲဒီရဲ့ မလှမ်းမကမ်းမှာကြည့်ရင် ကျွန်တော်တို့ ဘာခေါ်မလဲ။ ဒီမြေစာပုံအဟောင်းတွေလည်း ရှိပါတယ်။ Next ဒါလည်းပဲ ကျွန်တော်တို့မြေစာသယ်နေတဲ့ပုံ ဖြစ်ပါတယ်။ Next ဒါလည်းပဲ မြေစာသယ်နေတဲ့ပုံ ဖြစ်ပါတယ်။ Next ဒါက ကျွန်တော်တို့ စွန့်ပစ်မြေစာတွေ စွန့်ပစ်ပြီးတော့ သတ်မှတ်ထားတဲ့နေရာကနေ လာခဲ့တဲ့ကားအချို့ဖြစ်တယ်။ တချို့ကျတော့ မိမိရဲ့လုပ်ကွက်အတွင်းမှာရှိတဲ့ ချိုင့်တွေ၊ မိမိရဲ့ လုပ်ကွက်အနီးမှာရှိကြတဲ့ ကျွန်တော် စောစောကတင်ပြတဲ့ ကျွန်တော်တို့ ချောင်းလက်တက်ချိုင့်ကြီးတွေမှာပစ်တဲ့ အနေအထားဖြစ်ပါတယ်။

ဆိုလိုတာက စည်းမဲ့ကမ်းမဲ့ တချို့နေရာတွေမှာ ဆောင်ရွက်နေတဲ့အနေအထားကို တင်ပြခြင်းဖြစ်ပါတယ်။ Next ဒါကကျောက်စိမ်းရှာနေတဲ့ အနေအထားဖြစ်ပါတယ်။ Next ဒါကတော့ဖြင့် ကျွန်တော်တို့ စစဦးရှိတာက တောင်ကုန်းကြီးတွေ။ အဲဒီတောင်ကုန်းကြီးတွေကို ကျွန်တော်တို့ လုပ်ကွက်တွေချလိုက်တယ်။ ကျောက်စိမ်းတူးဖော်ဖို့၊ ကုမ္ပဏီတွေက လျှောက်ထားချက်အရ အဲဒီတော့ လုပ်ကွက်တွေ တူးတယ်။ အဲဒီတော့ ကျောက်မျက်တွေတူးတဲ့အခါမှာ ချိုင့်ကြီးတွေ ဖြစ်ပေါ်လာပြီး ဒီနေ့ဒီအခါမှာ ရေအိုင်ကြီးတွေ ဖြစ်ပေါ်လာတဲ့ပုံ ဖြစ်ပါတယ်။ Next ဒါကလည်းပဲ ခုန စောစောက ကျွန်တော် ဆွေးနွေးတင်ပြသလို ရေအိုင်ကြီးတွေ၊ တောင်ကုန်းတွေပေါ်မှာ ကျန်နေတဲ့ပုံ ဖြစ်ပါတယ်။ Next ဒါကတော့ဖြင့် ကျွန်တော်တို့ လုံးခင်းကျေးရွာအုပ်စုမှာ မားဆားချောင်း ဆိုတာရှိပါတယ်။ ခုန ချောင်းလက်တက်တွေ၊

မားဆားချောင်းရှိတယ်။ အဲဒီမားဆားချောင်း ပိတ်ဆို့သွားတဲ့ဟာကို ကျွန်တော်တို့ သွားရောက်ကြည့်ရှုတဲ့အခါမှာ အဲဒီပုံမှာပါတဲ့အတိုင်း မြေစာတွေက ပြုတ်ကျနေတယ်။ ပြုတ်ကျတာ ဟိုးထိပ်နားမှာဆိုရင် ကျွန်တော်တို့ ကြည့်နေတဲ့အချိန်မှာကို ဒီချောင်းထဲကို ပြုတ်ကျနေတဲ့အနေအထား ဖြစ်ပါတယ်။

Next ဒါက စောစောက ကျွန်တော် ဆွေးနွေးတင်ပြတဲ့ ရေအိုင်ကြီးတွေ ကျန်နေတဲ့ဟာ ကျွန်တော်တို့ ဒီလုပ်ကွက်တွေတူးတဲ့အခါမှာ ရေအိုင်ကြီးတွေ ဖြစ်ပေါ်နေတဲ့ပုံကို တင်ပြခြင်း ဖြစ်ပါတယ်။ Next ဒီပုံကတော့ ကျွန်တော်တို့ လုံးခင်းကျေးရွာအုပ်စု၊ မော်စီစာကျေးရွာအနီးမှာ ဒါ ကျွန်တော်တို့ သာယာကုန်းကျေးရွာဆိုတာ ရှိပါတယ်။ အဲဒီ သာယာကုန်းကျေးရွာ အခု ကျောက်မျက်တူးဖော်သွားတဲ့အခါမှာ ကျန်နေတဲ့ရေအိုင်ကြီးဖြစ်ပြီးတော့ တောင်ကုန်းကြီးရဲ့ရှေ့နားလေးမှာ ကျွန်တော်တို့ စန္ဒမုနိဘုရားဆိုတာ ရှိပါတယ်။ အဲဒီ စန္ဒမုနိဘုရား ကျွန်တော်တို့အဆောက်အဦ အစိမ်း၊ အနီက ဘုန်းတော်ကြီးကျောင်း ဖြစ်ပါတယ်။ အဲဒီ ဘုန်းတော်ကြီးကျောင်းထဲကိုတောင်မှ ကျွန်တော်တို့ ကျောက်မျက်လုပ်ကွက်တွေ၊ တစ်ချိန်တုန်းကဟုတ်လား။ တူးဖော်ခွင့်ရရှိသွားတဲ့အတွက်ကြောင့် ဒေသခံပြည်သူများနဲ့ ဘုန်းတော်ကြီးကျောင်းမှာရှိကြတဲ့ အဲဒီကျေးရွာမှာရှိကြတဲ့ ပြည်သူလူထုဟာ အငြင်းပွားမှုတွေ ဖြစ်ခဲ့တဲ့ နေရာတစ်ခုပဲ ဖြစ်ပါတယ်။ Next ဒါကတော့ ကျွန်တော် စောစောက တင်ပြတဲ့ လုံးခင်းကျေးရွာအုပ်စု မော်စီစာအနီးမှာ ဒါ ကျွန်တော်တို့ ကျောက်ရှာနေတဲ့ပုံဖြစ်ပါတယ်။ ကျောက်တူးနေတဲ့ပုံဖြစ်ပါတယ်။ Next ဒီပုံကတော့ ကျွန်တော်တို့ ခုနက ကျွန်တော်တို့ ဥရုချောင်းထဲကို စီးဆင်းတဲ့ ချောင်းလက်တက် မနပေါက်ဝ ဆိုတာ ရှိပါတယ်။ အဲဒီ မနပေါက်ဝနားမှာ ကျွန်တော်တို့ ခုရပ်နေတာ ကျွန်တော်အပါအဝင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ စည်ပင်၊ တစ်ခါ ကျွန်တော်တို့ မြို့နယ်အထောက်အကူပြုအဖွဲ့ ဒီအဖွဲ့တွေနဲ့ လာရောက်ကြည့်ရှုနေတဲ့ပုံ ဖြစ်ပါတယ်။

အဲဒီနောက် တည့်တည့်က လောလောလတ်လတ်ပုံထားတဲ့ မြေစာပုံအသစ် ဖြစ်ပါတယ်။ Next အဲဒီတော့ ဒါ မနပေါက်ဝလို့ ခေါ်ပါတယ်။ ဒီနေရာကနေပြီးတော့ ကျွန်တော်တို့ လှေ့လာကြည့်လိုက်မယ်ဆိုရင် ဒီတောင်ကုန်းကြီးက ဒီလောက်မြင့်နေတယ်ဆိုရင် ဟိုးအောက်ဘက်မှာ ကျွန်တော်တို့ လျှိုနဲ့ ချိုင့်တွေ ရှိပါတယ်။ ဆိုလိုတာက ကုမ္ပဏီတွေဟာ သတ်မှတ်ပေးထားတဲ့ စွန့်ပစ်မြေစာပုံ အရောက်မပို့ဘဲနဲ့ မိမိရဲ့လုပ်ကွက်အနီးမှာ ဒါကျွန်တော်တို့ စည်းမဲ့ကမ်းမဲ့ စွန့်ပစ်ထားတဲ့ မြေစာပုံ ဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့လာရောက်ပြီးတော့ လေ့လာတဲ့အနေအထားဖြစ်ပါတယ်။ Next ဒီပုံကလည်းပဲ ကျွန်တော်တို့ ကျောက်မျက်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌရယ်၊ ကျွန်တော်တို့ မြို့နယ်အထောက်အကူပြုအဖွဲ့နဲ့ ရပ်မိရပ်ဖများ ကျွန်တော်တို့ မြေစာပစ်တာကို လာရောက်ပြီးကြည့်ရှုနေခြင်း ဖြစ်ပါတယ်။ Next ဒီဟာကတော့ ကျွန်တော်တို့ ဖားကန့်မြို့နယ်အတွင်းမှာ ဘေးအန္တရာယ်သုံးခုရှိပါတယ်။ ရေဘေးအန္တရာယ်၊ မိုင်းဖောက်ခွဲမှုအန္တရာယ်၊ မြေစာပုံပြိုကျမှုအန္တရာယ်အနက် ဒါ မိုင်းဖောက်ခွဲမှုကြောင့် ကျွန်တော်တို့ နမ့်မျော်ကျေးရွာ စေတီတော်ရဲ့ ကုန်းတော်မှာရှိတဲ့ ပိဋကတ်နယ်မြေတွင်းမှာ ဒါ မိုင်းဖောက်ခွဲမှုကြောင့် မြေတွေအက်သွားတဲ့ပုံ ဖြစ်ပါတယ်။

ဒီ လိုင်းနှစ်လိုင်းကြားမှာ ဒီလောက်ထိ ကွဲအက်သွားတဲ့အတွက်ကြောင့် ကျွန်တော်တို့ တစ်တွေဟာ ခုပြန်ပြီးတော့ဖို့ပြီးတော့ ဆောင်ရွက်ထားတဲ့ အနေအထား ဖြစ်ပါတယ်။ Next ဒီပုံကျတော့ ခုန စေတီရဲ့ဘေး အဲဒီတောင်ရဲ့ဘေးမှာ ကျွန်တော်တို့ ဒါမြေတွေဟာ ပြိုကျသွားခြင်း ဖြစ်ပါတယ်။ အဲဒီတော့ မိုင်းဖောက်ခွဲခြင်းနဲ့ပတ်သက်ပြီးတော့ သတ်မှတ်ချိန်အတွင်းမှာ ဖောက်ခွဲပေမယ့် လုပ်ကွက်တွေချထားတဲ့

အခါမှာ လုပ်ကွက်တွေအနီးမှာ ကျူးကျော်နေအိမ်တွေရှိတယ်။ အလားသဏ္ဌာန်တူပဲ ကျေးရွာနေ လူနေအိမ်ခြေများနဲ့ လုပ်ကွက်တွေနီးနေခြင်းကြောင့် မိုင်းအန္တရာယ်ကြောင့် ဒီလိုအဖြစ်ဆိုးများ ဖြစ်ပျက်နေတာကို တင်ပြခြင်းဖြစ်ပါတယ်။ ဒါက ခုနကျွန်တော် ဆွေးနွေးတင်ပြတဲ့ မိုင်းဖောက်ခြင်းနဲ့ ပတ်သက်လို့ ဒါက လုပ်ကွက်နဲ့နီးတဲ့ ကျွန်တော်တို့ လူနေအိမ်ခြေမှာ အိမ်ထဲကို ဒါကျောက်တွေ လွင့်ပြီးတော့ကျလာတဲ့ပုံ ဖြစ်ပါတယ်။ ဆိုလိုတာက လုပ်ကွက်နဲ့ လူနေအိမ်တွေနီးတယ်။ လုပ်ကွက်နဲ့ ကျေးရွာတွေနီးတယ်။ ဒါကြောင့်မို့လို့ ဒီဖြစ်စဉ်မျိုး၊ မိုင်းဒဏ်နဲ့ဖြစ်တဲ့ ဒီဖြစ်စဉ်မျိုး ထပ်မံတင်ပြခြင်းဖြစ်ပါတယ်။ Next ဒါကတော့ ကျွန်တော်တို့ တူညီဝတ်စုံနဲ့ ဒါက စွန့်ပစ်မြေစာပုံပေါ်မှာ ဘေးကလည်း စွန့်ပစ်မြေစာပုံကြီး ရှိပါတယ်။ စွန့်ပစ်မြေစာပုံပေါ်မှာ ကုမ္ပဏီကနေပြီးတော့ အေးအေးဆေးဆေး ကျောက်ရှာနေတဲ့ပုံ ဖြစ်ပါတယ်။ Next ဒါက ခုန မားဆားချောင်းအနီးမှာ ခုန ချောင်းပိတ်သွားတဲ့ မားဆားချောင်းအနီးမှာ ကျွန်တော်တို့ ရေမဆေးသမားများ လာရောက်ပြီးတော့ ရေမဆေး ကောက်နေတဲ့ပုံ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဖားကန့်မြို့နယ်မှာ အနယ်နယ်အရပ်ရပ်ကနေပြီးတော့ လာရောက်ပြီးတော့ ရေမဆေးအလုပ်နဲ့ အသက်မွေးဝမ်းကျောင်းပြုတဲ့လူပေါင်းဟာ (၂)သိန်းကျော်ရှိနေတာကို တွေ့ရှိရပါတယ်။ Next ဒါကတော့ စောစောက မားဆားချောင်း ပိတ်သွားတဲ့အခါမှာ ကျွန်တော်တို့ အဲဒီနေ့မှာ လာရောက်ကြည့်ရှုတဲ့အခါမှာ တစ်ဖက်ကမြေစာပုံ အင်မတန်မြင့်ပါတယ်။ အခုလက်ရှိလည်းပဲဒီဘက်မှာ မြေစာပုံသွန်နေပါတယ်။ ဒီလိုမြင့်မားတဲ့ မြေစာပုံကြီးတွေဘေးမှာ ချောင်းရှိတယ်။ အဲဒီချောင်းကနေပြီးတော့ ရေတွေကလည်း စိမ့်ပြီးတော့ ထွက်နေတယ်။

ဒါဆိုရင် ပြီးခဲ့တဲ့ နိုဝင်ဘာလ (၂၁) ရက်နေ့က လူတွေ အစုလိုက် အပြုံလိုက်နဲ့ ရာချီပြီးတော့ ပြိုကျပြီးတော့ ဖြစ်သွားတဲ့ဖြစ်စဉ်မျိုး ဖားကန့်မြို့နယ်အတွင်းမှာ၊ မော်အသီးသီးမှာ ဒီလို တောင်ပုံရာပုံ မြင့်မားလာတဲ့ အန္တရာယ်ရှိတဲ့ မြေစာတွေစွန့်ပစ်နေမှု မြောက်မြားစွာရှိနေတဲ့အတွက် ဒီအန္တရာယ်ဆိုးများကလည်း ထပ်မံပြီးတော့ အကြိမ်ကြိမ်ဖြစ်ပေါ်နေမယ်ဆိုတာကို တင်ပြအပ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုအန္တရာယ်ဆိုးတွေ မဖြစ်အောင် ကျွန်တော်တို့ ဘယ်လိုစီမံမလဲဆိုတာကို တင်ပြထားတဲ့ပုံဖြစ်ပါတယ်။ Next ဒါကကျွန်တော်တို့ စောစောက လုံးခင်းကျေးရွာအုပ်စုအနီးမှာ ကျွန်တော်တို့ သာယာကုန်းဆိုတဲ့ ရွာလေးရှိပါတယ်။ အဲဒီရွာမှာ ရွာကနေပြီးတော့ တချို့က အိမ်တွေကိုဝယ်ပြီးတော့လုပ်ကွက်တွေ လျှောက်ပြီးတော့ တူးလိုက်ကြတယ်။ အခုကျန်နေတာက ဒီအိမ်လေးက ဘယ်လိုပဲဖြစ်ဖြစ် အန္တရာယ်ရှိနေတဲ့ အနေအထားဖြစ်ပါတယ်။ ဆိုလိုတာက လုပ်ကွက်တွေဟာ ရေဦးရေထွက်တို့၊ အများပိုင်မြေနေရာတို့၊ နောက်တစ်ခါ ဘာသာရေးဆိုင်ရာမြေနေရာတို့၊ စည်ပင်သာယာနယ်နိမိတ်တို့၊ ကျေးရွာတွေအနီးမှာ ချထားမှုမရှိပါဘူးလို့ သတ္တုတွင်းဝန်ကြီးဌာနက ဘယ်လိုပဲ စည်းကမ်းချက်တွေမှာ ပါရှိသော်လည်း လက်တွေ့နယ်ပယ်မှာတော့ ကျေးရွာတွေ တချို့ရွာတွေဟာ ပျောက်ဆုံးသွားပြီးတော့ ဒါ ကျန်နေတဲ့ အိမ်လေးဖြစ်ပါတယ်။ Next ဒီပုံကတော့ နမ့်မော်ပေါက်ဝလို့ ခေါ်ပါတယ်။ နမ့်မော်ပေါက်ဝ ဒီချောင်းဟာ အမှန်ကတော့ ဥရုချောင်းသည် လွန်ခဲ့သောနှစ်တွေက ပေ(၃၀၀)လောက်ရှိတယ်။ ဒီ တင်ပြပါ ပုံအရဆိုရင် ဒီဥရုချောင်း ဟိုဘက်ကမ်းရော၊ ဒီဘက်ကမ်းရော မြေစာတွေ ပုံထားတယ်။ အဲဒီလို မြေစာတွေပုံထားတဲ့အတွက်ကြောင့် ဆိုလိုတာက ကုမ္ပဏီတွေဟာ စွန့်ပစ်မြေစာများပုံတဲ့နေရာ ရှားပါးလာတဲ့အတွက် အဲဒီနီးစပ်တဲ့နေရာမှာစွန့်ပစ်ခြင်းကြောင့် မိုးရာသီမှာစွန့်ပစ်မြေစာတွေဟာ ဥရုချောင်းထဲမှာ လျှောကျမယ်။ ဥရုချောင်း ကျဉ်းမြောင်းသွားမယ်။ ပိတ်ဆို့ပြီးတော့ ရေကြီးမှုတွေ ဖြစ်ပေါ်မယ်ဆိုတဲ့ ဒေသတွင်းအခြေအနေများကို ကျွန်တော် ဒီမှတ်တမ်းပုံနဲ့ပဲ ၂၀၁၅ ခု၊ ဇန်နဝါရီလ(၁၂) ရက်နေ့မှာ ကချင်

ပြည်နယ်အစိုးရထံမှာ ဒေသတွင်း ပကတိအခြေအနေများဖြစ်ပျက်မှုကို ကျွန်တော်တင်ပြထားပြီး ဖြစ်ပါတယ်။

ဆက်လက်ပြီးတော့လည်း ဥရုချောင်းနဲ့ပတ်သက်ပြီးတော့ ပထမအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးနဲ့ ဒုတိယပုံမှန်အစည်းအဝေးမှာ(၂)ကြိမ်၊ ဥရုချောင်းရေစီးရေလာ ကောင်းမွန်ရေးအတွက် ကျွန်တော် မေးခွန်းများ မေးမြန်းပါတယ်။ အလားတူပဲ ဥရုချောင်းရေစီးရေလာ ကောင်းမွန်ရေးထိန်းသိမ်းဖို့ ဒါကိုလည်း ထပ်ပြီးမေးပါတယ်။ နောက် ဦးခက်ထိန်နန် ရဲ့ ဖားကန့်မြို့နယ်အတွင်း ရေကြီးမှုအန္တရာယ်ကနေပြီးတော့ စပ်လျဉ်းပြီးတော့ ဘယ်လိုနိုင်ငံတော်အဆင့်ကနေပြီးတော့ စောင့်ရှောက်ပေးမလဲဆိုတဲ့ အဆိုကိုလည်း ကျွန်တော် ထောက်ခံဆွေးနွေးခဲ့ပါတယ်။

သို့သော်လည်း လွှတ်တော်သက်တမ်း ငါးနှစ်အတွင်းမှာ ဥရုချောင်းက ဒီလိုပဲ ဖြစ်မြဲဖြစ်ပြီးတော့ မိုးတွင်းကာလရောက်ပြီဆိုရင် ဥရုချောင်း ကျဉ်းမြောင်းပိတ်ဆို့ပြီးတော့ ရေကြီးမှုဒဏ်များဟာ ဒီနေ့အထိ ဆက်လက်ခံစားနေကြဆဲ ဖြစ်တယ်ဆိုတဲ့အကြောင်း တင်ပြအပ်ပါတယ်။ Next ဒီပုံကတော့ဖြင့် ဆိပ်မူကျေးရွာအုပ်စု ဆွတ်အောင်ကျေးရွာအနီးမှာ ဒါပထမရေမဆေးတဲလေးတွေ ဆောက်နေခြင်းဖြစ်ပါတယ်။ အဲဒီတော့ ရေမဆေးရှာတဲ့သူများဟာ ကျွန်တော်တို့ ဖားကန့်မြို့နယ်မှာဆိုရင် နေထိုင်စရိတ်၊ သွားလာစရိတ်က ကြီးမြင့်တယ်။ ကုမ္ပဏီအတွက် မြေစာစွန့်ပစ်ပုံ အနီးတစ်ဝိုက်မှာ ယာယီတဲလေးတွေ ဆောက်ပြီးတော့ နားလည်မှုတွေနဲ့ နေထိုင်နေကြတယ်။ ကနဦးမှာ တဲလေးတွေ ခုလိုပဲ (၁၀)တဲ၊ (၁၅)တဲ ရှိနေပေမယ့် ကျောက်ရှာဖွေမှုရလဒ်ပေါ်မှာမူတည်ပြီးတော့ စီးပွားရေးကောင်းရင်ကောင်းသလို ပြောင်းရွှေ့လာပြီးတော့ နောက်ဆုံးတဲပေါင်း (၈၀)၊ (၉၀)၊ (၁၀၀)အထိ စုပြုံပြီးတော့ တဲတွေထိုးလာတာဖြစ်ပါတယ်။

Next ကျွန်တော် နိဂုံးချုပ်အားဖြင့် ဆွေးနွေးတင်ပြလိုတာက ကျွန်တော့်အနေနဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှာ ဖားကန့်မြို့နယ်အတွင်း ကျောက်စိမ်း ကျောက်မျက်များကို ထိန်းသိမ်းပြီးတော့ ရေရှည်စနစ်တကျ တူးဖော်ထုတ်လုပ်ရေးနဲ့စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခဲ့ဖူးပါတယ်။ အကျဉ်းချုပ်ကို ပြန်လည်တင်ပြရရင် နိုင်ငံတော်အစိုးရက သဘာဝသယံဇာတများကို ချိန်ဆထုတ်လုပ်သုံးစွဲနိုင်ရေးကို လျစ်လျူရှုထားမည်ဆိုပါက သဘာဝသယံဇာတများသည် တဖြည်းဖြည်း လျော့နည်းကုန်ခန်း ပျောက်ကွယ်သွားနိုင်ပါတယ်။ ယင်းနှင့်အတူ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုရှိလာပြီး ရာသီဥတုလည်းပြောင်းလဲလာမှာဖြစ်ပါတယ်။ အဲဒီလိုရာသီဥတုတွေ ပြောင်းလဲလာပါက စီးပွားရေးယိုယွင်းပျက်စီးမှုများ ဖြစ်ပေါ်လာပြီး တစ်ချိန်ချိန်မှာ နိုင်ငံရဲ့ စီးပွားရေးဟာ ရပ်တန့်သွားမှာ ဖြစ်ပါတယ်။ ယခုဆိုလျှင် ဖားကန့်ရတနာမြေရဲ့ ကျောက်စိမ်းတူးဖော်ထုတ်လုပ်မှုကို ချဉ်းကပ်လေ့လာကြည့်ပါက သိသာမြင်သာလှပါတယ်။ ဖားကန့်ဒေသရဲ့ တောင်ကုန်းတောင်တန်းကြီးတွေမှာ ကျောက်မျက်တူးဖော်နေကြတဲ့လုပ်ငန်း အဲဒီမှာအသုံးပြုတဲ့ back-hoe ယန္တရားကြီးတွေဟာ နေ့ညမပျက်ကျောက်မျက်တူးဖော်နေတာ ရှိနေပါပြီ။ ကျောက်မျက်ကုမ္ပဏီများအနေဖြင့် ယခင်က (၆၇၀)အားသာ ရှိတဲ့ back-hoe ကို အသုံးပြုပေမယ့် ပိုပြီးတော့ မြေကုတ်အားကြီးတဲ့ (၇၀၀)အားရှိတဲ့ back-hoe များနဲ့ ဒီနေ့ အသုံးပြုနေတာကို တွေ့ရှိရပါတယ်။ ယခင်အခါက မြေမှန်လို့ခေါ်တဲ့ ကျောက်စိမ်းလုပ်ကွက်တွေဟာ တဖြည်းဖြည်းနဲ့ လျော့နည်းသွားပြီး ဖြစ်ပါတယ်။ ကျောက်စိမ်းကို ချိန်ဆမှု ကင်းမဲ့စွာဖြင့်

အဆမတန်တူးဖော်ထုတ်လုပ်ပြီးတော့ ဈေးကွက်မှာလည်း အကန့်အသတ်မဲ့ တင်ပြရောင်းချခွင့်ပြု ထားရင် ဝယ်လိုအားလျော့ကျ -----

အေးမြသာယာရပ်ကွက်၊ မနကျေးရွာအနီး ကျောက်မျက်တူးဖော်ရာမှ ချိုင့်ကြီးများဖြစ်ပေါ်၍ ရေအိုင်ကြီး ဖြစ်ပေါ်လာပုံ (ခ)




လုံးခင်းကျေးရွာအုပ်စု၊ မားဆားစုပေါင်းမြေစာပုံ (ခ-၁)



နမ့်မှော်ပေါက်ဝအနီး ဥရုချောင်း၏ ဝဲ၊ ယာနှစ်ဖက်စလုံး၌ စွန့်ပစ်မြေစာပုံများကြောင့် ချောင်းကျဥ်းသွားပုံ (ခ-၂)



**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။ နည်းဥပဒေအသစ်အရ မေးခွန်းဆိုရင် (၃)မိနစ်၊ အဆိုဆိုရင် (၁၀)မိနစ် သတ်မှတ်ပေးထားတယ်။ မိနစ်(၂၀)နဲ့ကို မပြီးဘူးဖြစ်နေတယ်။ နည်းနည်းလေး သတိထားကြဖို့ လိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၄။**

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါလို့ ကျွန်မ နှုတ်ခွန်းဆက်သပါတယ်။ ကချင်(၁)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခက်ထိန်နန် ရဲ့ အစောက ပြောတဲ့အတိုင်းပဲ ဖားကန့်မှာ မြေစာတောင် ပြိုပြီးတော့ လူရာချီသေဆုံးတာမျိုး ထပ်ပြီးတော့ မဖြစ်ပွားဖို့အတွက် ကြိုတင်ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သွားရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းတဲ့ အဆိုကို ကျွန်မက ထောက်ခံ ဆွေးနွေးမှာဖြစ်ပါတယ်။ စောစောကပဲ ကျွန်မတို့ရဲ့ မိတ်ဆွေကြီးတစ်ဦးက ဒီက လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ကျွန်မကို ပြောပါတယ်။ ကချင်မှာ မနေဘဲနဲ့ ကချင်ကကိစ္စကို ဆွေးနွေးရမလား ဆိုပြီးတော့ ဒါ စတာနေမှာပါ။ သို့သော်လည်း ကျွန်မတို့ဟာ ပြည်ထောင်စု လွှတ်တော် ကိုယ်စားလှယ်တွေ ဖြစ်တာနဲ့အညီ ကျွန်မတို့နိုင်ငံအတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ ပြည်သူလူထုနဲ့ပတ်သက်သရွေ့ နိုင်ငံတော်နဲ့နိုင်ငံသားတို့အကျိုး ရည်ရွယ်ပြီးတော့ ကျွန်မတို့က ဆောင်ရွက်တာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မတို့အတွက် အချိန်ကလည်း ကျွန်မတို့ ပထမအကြိမ် လွှတ်တော်သက်တမ်းကလည်း ဘာမှမကျန်တော့တဲ့အတွက် အခုလိုပြောရတာကိုပဲ ကျွန်မတို့အတွက် ဒါမင်္ဂလာလို့ ကျွန်မတို့ယူဆပြီးတော့ အင်မတန်ဝမ်းလည်းသာပါတယ်၊ ဝမ်းလည်းနည်းပါတယ်။

ကျွန်မ အခု ဒီ ဦးခက်ထိန်နန် ရဲ့ အဆိုဟာ ဆိုလို့ရှိရင် စောစောက လွှတ်တော်ကိုယ်စားလှယ်ကြီးက ဆွေးနွေးသွားပါတယ်။ သဘာဝသယံဇာတပစ္စည်းတွေနဲ့ပတ်သက်လို့ ကျွန်မကတော့ လူရာချီ

သေဆုံးတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ သဘာဝသယံဇာတပစ္စည်းအပြင် လူ့စွမ်းအားအရင်းအမြစ်တွေလည်း ဒီစီမံခန့်ခွဲမှုအပေါ်မှာ ဒါမှမဟုတ် သဘောတရားနဲ့လက်တွေ့တစ်ထပ်တည်းမကျမှုအပေါ်မှာ ဆုံးရှုံးတာတွေကို ကျွန်မ မူဝါဒသဘောထားလေးပဲ ကျွန်မဆွေးနွေးပြီးတော့ တင်ပြချင်ပါတယ်။ အဲဒါက တော့ ဘာလဲဆိုတဲ့အခါကျတော့ ခုသွားနေတဲ့ ကျွန်မတို့နိုင်ငံတော်ရဲ့ လမ်းကြောင်းအရ ကျွန်မတို့ ဥပဒေပြုမဏ္ဍိုင်နဲ့ အုပ်ချုပ်ရေးမဏ္ဍိုင် လက်တွဲပြီးတော့ သွားနေတဲ့အချိန်မှာ ဒါ ဥပဒေပြုမဏ္ဍိုင်ကတော့ သဘောတရားဖြစ်တဲ့ ကျွန်မတို့ဥပဒေတွေ ပြဋ္ဌာန်းပေးတယ်၊ အတည်ပြုပေးတယ်။ ပြည်သူလူထုနဲ့ သက်ဆိုင်ရာ လိုက်နာသင့်တဲ့ဟာတွေက လိုက်နာပြီးတဲ့အခါကျ ဆောင်ရွက်တဲ့အခါမှာ ဒါ လိုအပ်တဲ့ ဦးတည်ချက်အတိုင်း ပုံဖော်သွားတာတွေ၊ အတိအကျပုံဖော်နိုင်တာတွေ၊ မဖော်နိုင်တာတွေဟာ လိုက်နာမှု အပေါ်မှာ၊ နောက်တစ်ခါ တကယ်ပြတ်သားတဲ့ တိကျတဲ့၊ ခိုင်မာတဲ့ ဥပဒေတွေအပေါ်မှာ၊ နောက်တစ်ခါ လိုက်ပြီးတော့ လိုက်လံစစ်ဆေးပြီးတော့မှ ကြပ်မတ်တဲ့အပေါ်မှာ မူတည်နေတယ်လို့ ကျွန်မကတော့ အဲဒီလို မြင်ပါတယ်။

အဲဒီတော့က အခု ကိုယ်စားလှယ်တော်ကြီးက ပုံတွေနဲ့တကွ ရှင်းသွားတဲ့အခါမှာ အဲဒီမှာ ဘယ်လို ဘယ်လိုကြောင့်မို့ ဘာဖြစ်တယ်ဆိုတာကတော့ အတိအကျအကုန်လုံးပဲ အသေးစိတ် သိရတဲ့ အခါမှာ အဲဒီအပေါ်မှာ ကျွန်မတို့ သက်ဆိုင်ရာ အဖွဲ့အစည်းကလည်း ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ ကြွလာတာဖြစ်ပါတယ်။ အဲဒီတော့ကာ အခုလည်း အဲဒီနယ်ကနေပြီးတော့လာတယ်လို့ ကျွန်မ သိရပါ တယ်။ အဲဒီတော့ ဒီတင်ပြသွားတဲ့ဟာတွေ အပေါ်မှာ ကြည့်ပြီးတော့မှ ဘာတွေဘယ်လို လိုအပ်ရင် ဆောင်ရွက်ရမယ်ဆိုတာ သက်ဆိုင်ရာကလည်း သိပြီးဖြစ်သလို ဆောင်ရွက်နေဆဲ ဖြစ်တယ်လို့လည်း ကျွန်မကတော့ အဲဒီလိုယူဆပါတယ်။ အဲဒီမှာ ကျွန်မ တစ်ခုတင်ပြချင်တာက ကျွန်မတို့ စီမံခန့်ခွဲတဲ့ အပိုင်း ပေါ့နော်။ စီမံခန့်ခွဲတဲ့အပိုင်းမှာ ကျွန်မတို့ အခုအများကြီးပဲ ကျွန်မတို့ နိုင်ငံတော်ကနေပြီးတဲ့အခါကျ တော့မှ ဆောင်ရွက်ထားတာတွေရှိတယ်လို့ ကျွန်မက အဲဒီလိုပဲယုံကြည်ပါတယ်။ အဲဒီအပေါ်မှာ Rule of Law ဖြစ်တဲ့ တရားဥပဒေစိုးမိုးရေးနဲ့ တရားဥပဒေကိုလေးစားလိုက်နာရေး စည်းမျဉ်းစည်းကမ်းနဲ့နေရေး မှာ အားနည်းချက်ရှိတယ်လို့ ကျွန်မအဲဒီလိုမြင်ပါတယ်။ အဲဒီတော့ အခုဖြစ်စဉ်မှာ ကြပ်မတ်တဲ့ဘက်က လည်း အားနည်းချက်ရှိသလို ပုံဖော်တဲ့ဘက်ကလည်း အားနည်းချက်ရှိသလို လိုက်နာရမယ့်ကိုယ့် အန္တရာယ်ကို ရှောင်ရမယ့်ပြည်သူလူထုဘက်ကလည်း အားနည်းချက်ရှိတယ်လို့ ကျွန်မကတော့ ဘက်စုံ အသီးသီးမှာ အားနည်းချက်တွေရှိတယ်လို့ အဲဒီလို ရှုမြင်သုံးသပ်ပါတယ်။

အဲဒီတော့ကာ စည်းမျဉ်းစည်းကမ်း၊ ဥပဒေ၊ နည်းဥပဒေတွေနဲ့ ကြပ်မတ်ပြီးတော့ အထက်က နေပြီးတော့ ချပေးရမယ့်အပိုင်းကလည်း တကယ်တိတိကျကျနဲ့ ထိရောက်တဲ့ စည်းမျဉ်း၊ စည်းကမ်းဥပဒေ တွေ ချမှတ်ပေးရမှာ၊ သတ်မှတ်ပေးရမှာ၊ ပြဋ္ဌာန်းပေးရမှာဖြစ်သလို လိုက်နာရမယ့် လူတွေအနေနဲ့ ကလည်း ဒါ အတိအကျလိုက်ပြီးတော့ ပုံဖော်နိုင်ဖို့လိုအပ်ပါတယ်။ အဲဒီပုံဖော်တဲ့ အခါမှာလည်း နောက် ကနေလိုက်ပြီးတော့မှ enforcement သဘောမျိုးနဲ့ Check and Balance ပေါ့လေ၊ နောက်ကနေ လိုက်ပြီးတော့ ကြီးကြပ်ပြီးတော့မှ အခြေအနေကို ဘယ်အတိုင်းအတာထိ အောင်မြင်နေသလဲဆိုတာ ကြည့်မယ့်အပိုင်းကလည်း ကြည့်ဖို့လိုအပ်တယ်လို့ထင်ပါတယ်။ အဲဒီမှာပြည်သူလူထု ကျွန်မတို့ အရင် တုန်းက ထောင်စုနှစ်ရည်မှန်းချက်ပန်းတိုင်မှာ ကျွန်မတို့တစ်တွေ ဆင်းရဲနွမ်းပါးမှုလျှော့ချ ရေးပါပါတယ်။ အဲဒီမှာကျွန်မတို့ (၂၆)ရာနှုန်း ကနေပြီးတော့ ၂၀၁၅ မှာ (၁၆)ရာနှုန်း လျှော့ချမယ်လို့ ပြောထားတဲ့အခါ ကျွန်မ Data အတိအကျမသိလို့ ဒါကိုတော့ မဆွေးနွေးတော့ပါဘူး။

သို့သော်လည်း ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဆိုတဲ့အခါမှာ ပြည်သူလူထုရဲ့ အခန်းကဏ္ဍကို နည်းနည်းလေး ကျွန်မ ဆွေးနွေးချင်ပါတယ်။ ဘာလဲဆိုတော့ ပြည်သူလူထုဟာ လှုပ်ရှားရုန်းကန်နေရတဲ့ သူတို့ရဲ့ ဘဝတွေအတွက် လိုအပ်တဲ့ စည်းမျဉ်းတွေ၊ စည်းကမ်းတွေ၊ ဥပဒေတွေ၊ သိသင့်သိထိုက်တာတွေကို မသိတဲ့အခါမှာ ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းတွေက ပြည်သူလူထုတွေကို ထိန်းသိမ်းကြပ်မတ်ပြီးတော့ ဦးဆောင်ပြီးတော့မှ ဆောင်ရွက်ပေးသင့်တယ်လို့ ကျွန်မအဲဒီလိုပဲရှုမြင်သုံးသပ်ပြီး ဝေဖန် အကြံပြုချင်ပါ တယ်။ အခု ဒီဖြစ်သွားတဲ့ဖြစ်စဉ်ဟာ တစ်နှစ်တည်းမှာတင်ကိုပဲ အကြိမ်(၃၀)ကျော် မြေစာတောင်တွေ ပြိုကျတယ်လို့ ပြောပါတယ်။ အဲဒီတော့ကာ ဒီမြေစာတောင်တွေပြိုကျတဲ့ပမာဏဟာ လူ အသေအပျောက် ဒါမှမဟုတ် အဆုံးအရှုံးနည်းသည်ဖြစ်စေ များသည်ဖြစ်စေ စပြီးတော့ဖြစ်နေတယ်ဆိုကတည်းက ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း၊ နောက် သက်ဆိုင်ရာ လိုက်နာသင့်တဲ့ ပြည်သူလူထုအန္တရာယ်ကိုကြည့်ပြီးတော့ ရှောင်သင့်တဲ့လူတွေကရှောင်ဖို့ လိုအပ်တယ်လို့ ကျွန်မ အဲဒီလိုမြင်ပါတယ်။ အဲဒီတော့ အခု(၃၇)ကြိမ်ကျမှ အခု ဒီဟာဆွေးနွေးရတာလည်း နည်းနည်းလေးတော့ နောက်များကျနေမလားလို့ အဲဒီလို ထင်ပါတယ်။

သို့သော်လည်း အခု ကျွန်မတို့ နိုင်ငံတော်အစိုးရလက်ရှိသက်တမ်းမှာ အချိန်သိပ်ပြီး မကျန်တော့သော်လည်း နောက်လာမယ့်အစိုးရတွေကလည်း ဆက်ပြီးတော့ တာဝန်ယူတဲ့သူတွေကလည်း ကျွန်မထင်ပါတယ်။ အခုတောင်မှပဲ အဖွဲ့အစည်းတွေ သဘာဝဘေးအန္တရာယ်နဲ့ပတ်သက်တာတွေ ဆောင်ရွက်နေမယ်လို့ ကျွန်မထင်သလို အခုကျွန်မတို့ လက်ရှိအစိုးရကလည်း ဟိုတစ်နေ့ကပဲ ကျွန်မ ဖတ်လိုက်ရပါတယ်။ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကျောင်း ဖွင့်ပြီးတဲ့အခါကျတော့မှ သဘာဝဘေးအန္တရာယ်ကို စီမံခန့်ခွဲတဲ့သင်တန်း အမှတ်စဉ် ၁/၂၀၁၅ ဖွင့်တာကို ကျွန်မဖတ်လိုက်ရပါတယ်။ အဲဒီတော့ကာ အခုဟာကတော့ သဘာဝဘေးအန္တရာယ်လို့ ပြောရမလား၊ ဒါမှမဟုတ် လူကြောင့်မို့ ဖြစ်တဲ့အန္တရာယ်လို့ပြောရမလား၊ ကျွန်မတို့သာမန်မှာဆိုရင် လက်နက်နဲ့တိုက်ပြီးတော့မှ အသက်အိုးအိမ်စည်းစိမ်တွေကို ကာကွယ်လို့ရပေမယ့် ဒီလိုဟာမျိုးကျတဲ့အခါကျတော့ စီမံခန့်ခွဲမှုနဲ့ ဥပဒေနဲ့ နည်းဥပဒေနဲ့ စည်းမျဉ်းနဲ့ စည်းကမ်းနဲ့ လိုက်နာမှုနဲ့ အဲဒီလို ဆောင်ရွက်ရမှာဖြစ်တဲ့အတွက်ကြောင့်မို့ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း အသီးသီးက အခု ဦးခက်ထိန်နန် တိုက်တွန်းတဲ့အဆိုကို လက်ခံစေချင်ပါတယ်။

နောက်တစ်ခုကတော့ ဘာလဲဆိုလို့ရှိရင် ဦးခက်ထိန်နန် က ပြီးခဲ့တဲ့ ၂၀၁၁ ခုနှစ်ကလည်း သူက ဒါနဲ့ပတ်သက်ပြီးတော့ တော်တော်လေးကို အလေးအနက်ထားပြီးတော့ တင်ထားခဲ့တယ်လို့ အဲဒီလို ပြောပါ တယ်။ ၂၀၁၄ ခုနှစ်မှာလည်း တစ်ခါတင်ပါတယ်။ သို့သော်လည်း အကြောင်းကြောင်းကြောင့်မို့ အဲဒါက ဆက်လက်ပြီးတော့ မဆွေးနွေးဖြစ်တော့ဘူးလို့ အဲဒီလိုပြောပါတယ်။ အခု တတိယအကြိမ်သူ့ဒီအကြိမ်မှာ တော်တော်လေး လူ့စွမ်းအားအရင်းအမြစ်ရော၊ သဘာဝဘေးအန္တရာယ်ရော (၂)ခုလုံး ပေါင်းပြီးတော့မှ တင်တာဖြစ်တဲ့အတွက် ကျွန်မကတော့ ဒီ ဦးခက်ထိန်နန် တင်တဲ့အဆိုအပေါ်မှာ သက်ဆိုင်ရာ ဥပဒေ ပြုတဲ့သူကရော၊ ဥပဒေ လိုက်နာတဲ့သူကရော၊ နောက်ထပ် ထပ်ပြီးလိုက်လံ စစ်ဆေးကြပ်မတ်ရမယ့်ဘက်ကရော၊ ဘက်စုံထပ်ပြီးတဲ့အခါကျတော့မှ လိုအပ်တာကို ဆောင်ရွက်ပေးသင့်တယ်လို့ ကျွန်မ အကြံပြုချင်ပါတယ်။

နောက်တစ်ခုက ဦးခက်ထိန်နန် က တောင်းဆိုထားတာက နောက်ထပ် ဥပဒေပြုမယ်ဆိုလို့ရှိရင် ဒေသဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်နဲ့ပတ်သက်တဲ့ အကာအကွယ်ပေးတဲ့အချက်အလက်

တွေ ထည့်ပေးဖို့၊ နောက်တစ်ခါကျတော့ မရှိနွမ်းပါးတဲ့သူတွေရဲ့ ဘဝနဲ့ပတ်သက်လို့ အာမခံချက်ရှိအောင် ထည့်ပြီးတော့ ဥပဒေတွေ ရေးဆွဲဖို့ တောင်းဆိုထားတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မကလည်း သူ အဆိုပြုထားတဲ့အတိုင်းပဲ ဦးခက်ထိန်နန် ရဲ့ အဆိုထဲမှာ ပါတဲ့အချက်အားလုံးကို ကျွန်မက အများပြည်သူ အကျိုးအတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွန်မက လိုက်လိုက်လှဲလှဲ ထောက်ခံကြောင်း အဆိုပြုရင်းနဲ့ ဆွေးနွေးရင်းနဲ့ နိဂုံးချုပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ် အားလုံးကို။

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ**။ ။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းတင်အောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၂။**

**ဦးစိုင်းတင်အောင်၊ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)** ။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကာယစိတ္တသုခနှစ်ဖြာနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း လေးစားစွာဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းတင်အောင်ပဲ ဖြစ်ပါတယ်။ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခက်ထိန်နန် တင်သွင်းတဲ့ အရေးကြီးအဆိုကို ထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ ဆွေးနွေးချက်ကို Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါရန်နှင့် ဆွေးနွေးချက်၊ ကန့်သတ်ချက် အချိန်အတွင်း အနည်းငယ် ပိုသွားပါက ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခု ကျွန်တော် တင်ပြနေတဲ့ပုံကတော့ အခုလုပ်ကွက်နဲ့ အနီးမှာရှိတဲ့ လူနေ ကျေးရွာပုံ ဖြစ်ပါတယ်။ ပြီးရင် ဥရုချောင်းပုံတွေ ဖြစ်ပါတယ်။ Next ဒါ ကုမ္ပဏီကြီးများ အသုံးချတဲ့ စက် ယန္တရား ကြီးမားပုံကို တင်ပြထားခြင်း ဖြစ်ပါတယ်။ လူတစ်ရပ် လက်ခုတ်တစ်ဖောင်တောင်မှ ဘီးကို မမှီ နိုင်ပါဘူး။ Next ဒါကတော့ ဥရုချောင်းနံဘေးမှာ ကျောက်စိမ်းကျောက်မျက်တွေ တူးဖော်နေတဲ့ ကုမ္ပဏီ ရဲ့ လုပ်ငန်းလုပ်ကိုင်ပုံ အဆင့်ဆင့် တင်ပြထားခြင်း ဖြစ်ပါတယ်။ Next ဒါကတော့ ဥရုချောင်းကို ချောင်းကြမ်းပြင် ရေနစ်တဲ့အတွက် ချောင်းကြမ်းပြင်ကို ခဲလုံးတွေဖို့ဖို့ပြီးတော့ ဖြတ်သန်းသွားလာနိုင် အောင် တစ်ဖက်လုပ်ကွက်ကနေ တစ်ဖက် စွန့်ပစ်မြေစာပုံကို စုပေါင်းမြေစာပုံကို သွားစွန့်ဖို့ လမ်းကနေ မြေစာများသယ်ထုတ်ပုံ ဖြစ်ပါတယ်။ Next ဒါကတော့ ယာဉ်ယန္တရားကြီးများနဲ့ စွန့်ပစ်မြေစာပုံတွေကို သယ်နေ တဲ့ပုံ ဖြစ်ပါတယ်။ Next ဒါကတော့ မြေစာစွန့်ပစ်ရာ လမ်းတွေ အခက်အခဲ ရှိတဲ့အတွက် ကျေးရွာအဝင်လမ်းမှာတောင်မှ ဖြတ်သန်းသွားလာရတဲ့ မြေစာစွန့်ပစ်လမ်းပဲ ဖြစ်ပါတယ်။ ဒါကတော့ လုပ်ကွက်မှ တူးဖော်ထွက်ရှိတဲ့ မြေစာများကို စုပေါင်းမြေစာပုံမှာ စွန့်ပစ်နေတဲ့ပုံ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုမှတ်တမ်းဓာတ်ပုံတွေဟာ ကျွန်တော် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ (၂) ရက်နေ့မှာ အမျိုးသားလွှတ်တော် သတ္တုသယံဇာတကော်မတီရဲ့ တာဝန်ပေးချက်အရ မြေပြင်ဆင်းပြီး ကျွန်တော် ကိုယ်တိုင်မှတ်တမ်းဓာတ်ပုံ ရိုက်ထားတဲ့ပုံတွေပဲ ဖြစ်ပါတယ်။ Next ဒါတွေက စွန့်ပစ်မြေစာပုံ တွေ စွန့်ပစ်တဲ့ပုံပဲ ဖြစ်ပါတယ်။ Next ဒါတွေလည်း မြေစာပုံတွေစွန့်ပစ်တဲ့ပုံ ဖြစ်ပါတယ်။ Next ဒါတွေကတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ အထူးထား တင်ပြလိုပါတယ်။ ဒါတွေဟာ ကျွန်တော်တို့ ပြည်ထောင်စု

သမ္မတ မြန်မာနိုင်ငံအတွင်းမှာ မှီတင်းနေထိုင်တဲ့ တိုင်းရင်းသားတွေအားလုံး ခုနက အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးမြအုန်း တင်ပြသလိုပဲ ဖားကန့်ဒေသမှာ ကျောက်စိမ်းကျောက်မျက်တွေကို ဥပဒေပြင်ပကနေ နားလည်မှုနဲ့လုပ်စားနေကြရတဲ့ ရေမဆေးလို့ ဒေသအခေါ် လက်လုပ်လက်စား အခြေခံလူတန်းစားတွေ (၂)သိန်းထဲက အချို့ဖြစ်ပါတယ်။ Next ဒါတွေကလည်း ရေမဆေးတွေ သက်စွန့် ဆံဖျား ရှာဖွေစားသောက်နေရတဲ့ပုံ ဖြစ်ပါတယ်။ Next ဒါတွေကလည်း ရေမဆေးသမားများ ကျောက်စိမ်း အရိုင်းတုံးများ ရှာနေတဲ့ပုံ ဖြစ်ပါတယ်။ Next ဒါတွေကလည်း ကျောက်စိမ်းရှာနေတဲ့ပုံပဲ ဖြစ်ပါတယ်။

Next ဒါတွေက ဒီမြေစာပုံဟာ ကျွန်တော် အထူးအလေးထား တင်ပြလိုတာက ဥက္ကဋ္ဌကြီး ခင်ဗျား။ အခု ပြိုကျပျက်စီးသွားတဲ့ မြေစာပုံဟာ ဒီမြေစာပုံပဲဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်တို့ မနှစ်က ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ (၂) ရက်နေ့မှာရိုက်ထားတဲ့ မှတ်တမ်းဓာတ်ပုံတွေ ဖြစ်ပါတယ်။ အဲဒီအချိန်တုန်း မှာ မြေစာပုံဟာ သိပ်မမြင့်သေးပါဘူး။ အခုတော့ တစ်နှစ်လုံး နွေ၊ မိုး၊ ဆောင်း (၁၂)ရာသီ၊ (၁၂)လ ပစ်ထားတဲ့ စုပေါင်းပြီးပစ်တဲ့ မြေစာပုံမို့လို့ မြေစာပုံကြီးတွေ ကြီးမားပြီးတော့ ပြိုကျပြီး ဒီသဲတွေကို ဖုံးလွှမ်း သွားတာဖြစ်ပါတယ်။

Next ဒါတွေကတော့ ကျောက်စိမ်းလုပ်ကွက် ကုမ္ပဏီကြီးများ မြေစာစွန့်ပစ်ရာလမ်းမှာ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုနည်းအောင် ပြန်လည်ပြုပြင်ထားတဲ့ပုံတွေ ဖြစ်ပါတယ်။ လှေကား ထစ်ပုံလေးတွေ လုပ်ထားတာဖြစ်ပါတယ်။ Next ဒါတွေကလည်း ဥရုချောင်းကမ်းဘေးမှာ မြေစာပုံများ ပုံပြီးတဲ့နောက်ပိုင်း ပြိုကျမှာစိုးတဲ့အတွက် လုပ်ကွက်ကုမ္ပဏီကြီးများက စနစ်တကျ စက်ယန္တရားကြီးနဲ့ ပြန်လည် တူးဖော်ပြုပြင်ထားတဲ့ပုံ ဖြစ်ပါတယ်။ ဘယ်လိုပဲပြုပြင်ထိန်းသိမ်းပါစေ သဘောတရားအရ အမြင့်ကနေ စီးတဲ့ရေဟာ အနိမ့်ဘက်ကို စီးတဲ့အတွက် ဥရုချောင်းထဲကို မိုးတွင်း မိုးကြီးရေလျှံတဲ့အတွက် မြေစာတွေ ဟာ ပြန်လည်ပြီးပြိုကျပျက်စီးပြီး ဥရုချောင်းထဲကို ပြန်ကျနေတဲ့ပုံဖြစ်ပါတယ်။ Next ဒါလည်း ထိုနည်း လည်းကောင်းပါပဲ။ Next ဒါလည်း မြေစာပုံများပြိုကျပျက်စီးပြီး ဥရုချောင်းထဲ ပြန်လည်စီးဝင် နေတဲ့ပုံ ဖြစ်ပါတယ်။ Next အားလုံး ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဦးခက်ထိန်နန် ရဲ့အဆိုကို ရည်ရွယ်ချက်(၃)ချက်နဲ့ ထောက်ခံဆွေးနွေး တင်ပြသွားမှာ ဖြစ်ပါတယ်။ ပထမအချက်အနေနဲ့ အခြေခံလူတန်းစား နိုင်ငံသားများ တွင်းထွက်သယံဇာတကို တူးဖော်လုပ်ကိုင်တဲ့နေရာမှာ ဥပဒေနဲ့အညီ အေးချမ်းစွာလုပ်ကိုင် စားသောက် နိုင်ရေး၊ ရည်ရွယ်ချက်(၂)အနေနဲ့ နိုင်ငံတော်တွင်းထွက် သယံဇာတကို တူးဖော်ထုတ်လုပ်စီမံခန့်ခွဲတဲ့ နေရာမှာ ရေရှည်တည်တံ့ထုတ်လုပ်နိုင်ရေးနဲ့ သဘာဝပတ်ဝန်းကျင်ထိခိုက် ပျက်စီးမှု အနည်းဆုံးဖြစ် အောင် စီမံဆောင်ရွက်ပြီး ပြန်လည်ပြုပြင်ထိန်းသိမ်းရေးဖြစ်ပါတယ်။ ရည်ရွယ်ချက်(၃)အနေနဲ့ တွင်းထွက် သယံဇာတများနဲ့ ပတ်သက်တဲ့ အခွန်အခများ စနစ်တကျကောက်ခံပြီး နိုင်ငံတော် ဘဏ္ဍာငွေများပိုမို တိုးတက်ရရှိအောင် ဆောင်ရွက်ရေးတို့ပဲ ဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအဆုံးအချက်ကို ဆွေးနွေးရမယ်ဆိုရင် ကချင်ပြည်နယ်၊ ဖားကန့်ဒေသမှာ အခြေခံလူတန်းစား နိုင်ငံသားများ တွင်းထွက်သယံဇာတလုပ်ငန်းနဲ့ ပတ်သက်ပြီး ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ(၂၁)ရက်နေ့က ကြုံတွေ့ခဲ့ရတဲ့ အဖြစ်ဆိုးကြီးနဲ့ ရင်ဆိုင်ရတဲ့ အကြောင်းရင်းကို စိစစ်မယ်ဆိုရင် မြန်မာ့ကျောက်မျက်ရတနာဥပဒေရဲ့ အားနည်းချက်ပဲလို့ ကျွန်တော့် အနေနဲ့ သုံးသပ်တင်ပြလိုပါတယ်။ တည်ဆဲ မြန်မာ့ကျောက်မျက်ရတနာဥပဒေမှာ အခြေခံလူတန်းစား

နိုင်ငံသားများ လုပ်ကိုင်စားသောက်နိုင်ဖို့အတွက် အခွင့်အရေး၊ အကာအကွယ်၊ အစောင့်အရှောက်ပေးထားတဲ့ ဥပဒေပုဒ်မများ ဖော်ပြပါရှိခြင်းမရှိတဲ့အတွက် အခြေခံလူတန်းစား နိုင်ငံသားများဟာ ဥပဒေပြင်ပကနေပြီး နားလည်မှုနဲ့သာ နှစ်ပေါင်းများစွာ လုပ်ကိုင်စားသောက်ခဲ့ကြရတဲ့အတွက် ဒီလိုအဖြစ်ဆိုးမျိုးကိုကြုံတွေ့ရခြင်းဖြစ်တယ်လို့ပဲ တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တကယ်လို့သာ ကျွန်တော်တို့ မြန်မာ့ကျောက်မျက်ရတနာဥပဒေမှာ အခြေခံလူတန်းစား နိုင်ငံသားများအတွက် လက်လုပ်လက်စား တစ်နိုင်တစ်ပိုင် လုပ်ပိုင်ခွင့်ပြဋ္ဌာန်းပေးခဲ့မယ်ဆိုရင် ဥပဒေနဲ့အညီ အေးချမ်းစွာ လုပ်ကိုင်စားသောက်နိုင်မှာဖြစ်ပြီး ဒီလိုမြေစာပုံမှာလည်း ရှာဖွေစားသောက်ဖို့အကြောင်း ရှိတော့မှာမဟုတ်ပါဘူး။ အဆိုရှင်ရဲ့ တင်ပြချက်အရ ဖားကန့်မှာ မြေစာတောင်ပြိုတဲ့ကိစ္စဟာ ၂၀၁၅ ခုနှစ်၊ (၁)နှစ်ထဲမှာတောင်မှ (၃၇)ကြိမ်ရှိခဲ့တယ်လို့ ကြားသိရပါတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာကတည်းက တူးဖော်ထုတ်လုပ်ခဲ့တဲ့ မြေစာပုံတွေပြိုကျတာ အကြိမ်ပေါင်း ဘယ်လောက်တောင် ရှိခဲ့မလဲဆိုတာ မတွေးဝံ့စရာ ဖြစ်ပါတယ်။ အဆိုရှင်အနေနဲ့ နိုင်ငံတော်နဲ့နိုင်ငံသားများအကျိုးငှာ အဆို တင်တယ်လို့ နားလည်ရပါတယ်။

ဒါကြောင့် ကျွန်တော့်အနေနဲ့လည်း အဆိုကို ထောက်ခံရင်း အလေးထား အကြံပြုတင်ပြလိုတာကတော့ ကျွန်တော်တို့ ဥပဒေပြုလွှတ်တော်ကြီးအနေနဲ့ မြန်မာ့ကျောက်မျက်ရတနာဥပဒေမှာ အခြေခံလူတန်းစားနိုင်ငံသားများ တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ် ရောင်းဝယ်လုပ်ကိုင်စားသောက်နိုင်ရေး ဥပဒေပုဒ်မများထဲမှာ ပြဋ္ဌာန်းပေးနိုင်ပါရန် ကျန်ရှိသောလွှတ်တော်သက်တမ်းကာလအတွင်း မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းပေးပါရန် အထူးမေတ္တာရပ်ခံပန်ကြားတင်ပြလိုပါတယ်ခင်ဗျား။ ဥပဒေကို ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းခြင်းမပြုမီ ကြားကာလမှာလည်းတည်ဆဲ မြန်မာ့ကျောက်မျက်ရတနာဥပဒေအရ နိုင်ငံတော်နဲ့အကျိုးတူ ပူပေါင်းဆောင်ရွက်နေကြတဲ့ကျောက်မျက်တူးဖော်ရေး ကုမ္ပဏီကြီးများ၏ လုပ်ငန်းခွင်များ အေးချမ်းစွာလုပ်ကိုင်နိုင်ရေး၊ အခြေခံလူတန်းစား နိုင်ငံသားများအန္တရာယ်ကင်းဘေးရှင်းစွာ လုပ်ကိုင်စားသောက်နိုင်ရေး၊ သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက ပေါင်းစပ်ညှိနှိုင်းကြီးကြပ် ဆောင်ရွက်ပေးပါရန် ဥက္ကဋ္ဌကြီး မှတစ်ဆင့် အထူးမေတ္တာရပ်ခံပန်ကြား တိုက်တွန်းအပ်ပါတယ်ခင်ဗျား။

ဆက်လက်ဆွေးနွေးရမယ်ဆိုရင် လက်ရှိကျောက်မျက်ရတနာတူးဖော်လုပ်ကိုင်နေတဲ့ လုပ်ငန်းကို အစမှာ လူအားနဲ့သာ တူးဖော်လုပ်ကိုင်ခဲ့ကြသော်လည်း ပြောင်းလဲလာတဲ့ ခေတ်စနစ်နဲ့အညီ ၁၉၉၄ ခုနှစ်ကစပြီးတော့ ဖက်စပ်ကုမ္ပဏီများ ထူထောင်ပြီး စက်ယန္တရားများ အသုံးပြုတူးဖော်လုပ်ကိုင်လာခဲ့ကြတာ ယခုထိတိုင် မြင်တွေ့ကြရမှာဖြစ်ပါတယ်။ တစ်ဖက်ကကြည့်မယ်ဆိုရင် နိုင်ငံတော်ရဲ့ တွင်းထွက်သယံဇာတ တူးဖော်ရေးလုပ်ငန်းတွေ အရှိန်အဟုန်မြင့်ဆောင်ရွက်နေပြီး အချိန်တိုတိုအတွင်းမှာ လုပ်ငန်းများတွင်ကျယ်စွာ ဆောင်ရွက်နိုင်တယ်လို့ ထင်ရပေမယ့် တစ်ဖက်ကကြည့်မယ်ဆိုရင်တော့ နှစ်ပေါင်းများစွာကြာမှ အရည်အသွေးပြည့်မီတဲ့ ကျောက်မျက်ရတနာများကို အချိန်တိုတိုအတွင်းမှာပဲ ယန္တရားကြီးများ၊ မိုင်းများအသုံးပြုပြီး တူးဖော်ထုတ်လုပ်ကြတဲ့အတွက် ကျွန်တော်တို့ရဲ့ အဖိုးတန် ကျောက်မျက်ရတနာတွေဟာ အချိန်အနည်းငယ်အတွင်းမှာ ကုန်ဆုံးပျောက်ကွယ်သွားနိုင်ပါတယ်။ ယခု ကျောက်မျက်တူးဖော်လုပ်ကိုင်နိုင်တဲ့ ကုမ္ပဏီကြီးတွေ၊ အသုံးပြုတဲ့ စက်ယန္တရားကြီးတွေဟာ စက်တပ် အင်အားကြီးမားပြီး စွမ်းဆောင်ရည်မြင့်မားတဲ့ စက်ကြီးတွေဖြစ်ပါတယ်။ ကုမ္ပဏီတစ်ခုကို စက်ယန္တရားအစီးရေ ဆယ်

ဂဏန်းကနေ ရာဂဏန်းရှိပြီး ကုမ္ပဏီပေါင်း ရာထောင်ချီရှိတဲ့ ကျောက်စိမ်း၊ ကျောက်မျက်ထွက်ရှိရာ ဒေသမှာ စက်ယန္တရားကြီးတွေ အစီးပေါင်း သောင်းဂဏန်းရှိနိုင်တယ်လို့ ခန့်မှန်းရပါတယ်။

ဒီလိုကြီးမားတဲ့ စက်ယန္တရားကြီးတွေနဲ့ တူးဖော်ထုတ်လုပ်ဖို့ မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေမှာ ဖော်ပြထားတာမတွေ့ရပါဘူး။ ဘယ်လိုအမိန့် ညွှန်ကြားချက်တွေနဲ့ ဆောင်ရွက်နေတယ်ဆိုတာလည်း ပွင့်လင်းမြင်သာစွာ ဖော်ပြတာမရှိတဲ့အတွက် နိုင်ငံတော်ရဲ့ အဖိုးတန်တွင်းထွက် သယံဇာတများ စနစ်တကျရေရှည်ထုတ်လုပ် တူးဖော်လုပ်ကိုင်နိုင်ရေး၊ စက်ယန္တရားကြီးများကို သတ်မှတ်ချက်များသာ အသုံးပြုစေဖို့အတွက် မူဝါဒတွေရေးဆွဲပြီး မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေတွေမှာ အမြန်ဆုံး ပြင်ဆင်ဖြည့်စွက် ပြဋ္ဌာန်းသင့်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ ပြုပြင်ဆောင်ရွက်မှုအားနည်းနေမယ်ဆိုရင်တော့ နောင်တစ်ချိန်မှာ ကျောက်စိမ်း၊ ကျောက်မျက်ရတနာတွေ ဘယ်နိုင်ငံက ထွက်သလဲလို့ မေးရလောက်အောင်ဖြစ်သွားနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ ကျွန်တော်တို့နိုင်ငံဟာ EITI အဖွဲ့နိုင်ငံလျှောက်ထား ပြီးဖြစ်လို့ တွင်းထွက်သယံဇာတ ထုတ်ယူသုံးစွဲတဲ့နေရာမှာ ပွင့်လင်းမြင်သာစွာ သဘာဝပတ်ဝန်းကျင်နဲ့ ဂေဟစနစ်တို့ ပျက်စီးမှုနည်းပါးအောင်ဆောင်ရွက်ပြီး သယံဇာတတူးဖော်ထုတ်လုပ်ပြီးတဲ့နေရာတွေမှာ ပြန်လည်အစားထိုးစိုက်ပျိုးထူထောင်ခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း၊ ရန်ပုံငွေများထူထောင်ထားရှိခြင်းစတဲ့ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို စီမံချက်ချမှတ် ဆောင်ရွက်နိုင်ဖို့အတွက် ဥပဒေမှာ ရေးဆွဲပြဋ္ဌာန်းသင့်ပါတယ်လို့ အကြံပြုတင်ပြလိုပါတယ်။ ဒါမှသာ တွင်းထွက်သယံဇာတတွေ တူးဖော်ထုတ်လုပ်ပြီးတဲ့ ဒေသတွေမှာ နိုင်ငံတော်နဲ့ EITI အဖွဲ့နဲ့ ပူးပေါင်းပြီး ပြန်လည်တည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်ပြီး ဖွံ့ဖြိုးရေး လုပ်ငန်းတွေကို စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်မှာဖြစ်လို့ သယံဇာတထွက်ရှိရာဒေသနဲ့ နိုင်ငံတော် အတွက် မျှတစွာ အကျိုးကျေးဇူးတွေ ခံစားကြရမှာဖြစ်ပါတယ်။ ဒီလိုမဟုတ်ပါဘဲ စီမံခန့်ခွဲမှုအားနည်းပြီး လမ်းလွဲနေမယ်ဆိုရင်တော့ ယခု ကျွန်တော်တို့ ရင်ဆိုင်ကြုံတွေ့နေရတဲ့။

**ဥက္ကဋ္ဌ။** ။ နိဂုံးချုပ်ပါ။

**ဦးစိုင်းတင်အောင်၊ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)။** ။ တွင်းထွက်တွေ အဆင်ပြေဖို့ တွင်းထွက်သယံဇာတ စီမံခန့်ခွဲမှုနဲ့လည်း တစ်ပိုင်းတစ်ကဏ္ဍပတ်သက်နေတယ်လို့ ကျွန်တော့်အနေနဲ့ ထင်မြင်ယူဆမိပါတယ်။ ပြည်ထောင်စုလွှတ်တော်ကြီးအနေနဲ့လည်း ဖွဲ့စည်းပုံအခြေခံဥပဒေဇယား(၂)(၅)ကို ဖြေလျှော့ပြီး၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်တို့ကို လုပ်ပိုင်ခွင့်များ ဖြေလျှော့ပြီး ကျွန်တော်တို့ သတ္တုဥပဒေကိုလည်း အတည်ပြုပြဋ္ဌာန်းနိုင်ပြီးဖြစ်တဲ့အတွက် ယခု ကျောက်မျက်ဥပဒေကို ပြင်ဆင်ဖြည့်စွက်မယ်ဆိုရင် လုပ်ငန်းသဘောသဘာဝခြင်း ကွာဟမှုမရှိတဲ့အတွက် အခက်အခဲ သိပ်ရှိနိုင်မယ်လို့ မထင်ပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ နောက်ဆုံးတင်ပြလိုတာက အခြေခံလူတန်းစား လက်လုပ်လက်စားတွေအတွက် အကျိုးပြုနိုင်မယ့် ဥပဒေများကိုလည်း ဦးစားပေးပြင်ဆင်ပြဋ္ဌာန်းပေးသင့်ပါကြောင်းနဲ့ ရေရှည်မှာ ကျွန်တော်တို့နိုင်ငံတော်ရဲ့ သယံဇာတများ စနစ်တကျစီမံခန့် ခွဲတူးဖော်ထုတ်လုပ်ဖို့အတွက် ကျွန်တော်တို့ ကချင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁)က ဦးခက်ထိန်နန် ရဲ့ အဆိုကို ထောက်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

စွန့်ပစ်မြေစာများကို ယာဥ်တန်းကြီးများဖြင့် သယ်ထုတ်ပုံ (ဂ)




ကုမ္ပဏီများမှ စွန့်ပစ်သောမြေစာပုံများတွင် ကျောက်စိမ်းအရိုင်းတုံးများအား ရှာဖွေနေသော အခြေခံလူတန်းစား လက်လုပ်လက်စား (ရေမဆေး)များပုံ (ဂ-၁)



ကုမ္ပဏီကြီးများမှ ပတ်ဝန်းကျင်အနေအထားကို ပြန်လည်ပြုပြင်ထားသော်လည်း မိုးရွာသွန်းမှုကြောင့် မြေစာများ ပြန်လည်ပြိုကျပျက်စီးနေပုံ (၈-၂)



**အချိန်၊ ၁၀း၅၃။**

**ဥက္ကဋ္ဌ**။ ။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးနေဝင်းထွန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၃။**

**ဦးနေဝင်းထွန်း၊ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကချင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန် ရဲ့ အဆိုကို ကြိုဆိုဖြည့်စွက် အကြံပြုထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ၎င်းအဆိုဟာ နိုင်ငံသူ၊ နိုင်ငံသားအကျိုးစီးပွားများနှင့် ပတ်သက်နေတဲ့အတွက် အရေးအရာများဟာ အရေးကြီးတဲ့အတွက် ကျွန်တော့်အား အချိန်ပြည့် ဆွေးနွေးခွင့်ပေးနိုင်ပါရန် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ခွင့်ပန်အပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်စိမ်း၊ ကျောက်မျက်ကဏ္ဍမှာ နိုင်ငံတော်နဲ့ အကျိုးတူလုပ်ငန်းတစ်ရပ်နှင့် သတ်မှတ်လုပ်ကွက် ပုဂ္ဂလိကကဏ္ဍလုပ်ငန်းဆိုပြီး သတ်မှတ်ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်နဲ့ အကျိုးတူလုပ်ငန်းသည် ပထမအကြိမ် သက်တမ်း(၅)နှစ်၊ ဒုတိယသက်တမ်း(၃)နှစ်၊ တတိယသက်တမ်း(၂)နှစ်၊ စတုတ္ထသက်တမ်း(၁)နှစ်ဆိုပြီး သတ်မှတ်ထားသလို ပုဂ္ဂလိကလုပ်ကွက်များကိုတော့ လေလံတန်ဖိုးအရ (၃)နှစ်၊ သက်တမ်း(၅)နှစ် သတ်မှတ်ထားပေးပါတယ်။ နိုင်ငံတော်နဲ့ အကျိုးတူလုပ်ပိုင်ခွင့်ပေးထားတဲ့ ဧရိယာများသည် သက်တမ်းတိုးစနစ် သတ်မှတ်ပေးထားသော်လည်း သက်တမ်းတိုးသည် တစ်ဆက်တစ်စပ်တည်း ရရှိထားခြင်းမဟုတ်တဲ့အတွက် ပြောင်းလဲမှုရှိနိုင်၍ လုပ်ကိုင်ခွင့်ဆုံးရှုံးမည်ကို စိုးရိမ်သည်ကတစ်ကြောင်း၊ သတ္တုတွင်းဝန်ကြီးဌာနသို့ ခွဲဝေခံစားစနစ်အရ ခွဲဝေပေးရသည့် အချိုးအစားများနေခြင်းသည်ကတစ်ကြောင်း၊ ကျွန်တော်တို့ နိုင်ငံရာသီဥတုအရ (၁)နှစ်လျှင် နွေဦးကာလ၊ ပွင့်လင်းရာသီအချိန်၊ (၆)လအနက် နှစ်စဉ်နှစ်တိုင်း လုပ်ငန်းဖွဲ့စည်းပုံနှင့် လိုအပ်သည်များကို

ပြန်လည် မွမ်းမံပြင်ဆင်ရခြင်းတို့အတွက် အချိန်ပေးရသည်က အချိန်ကာလ (၂)လ နုတ်ပယ်ရသည့်အတွက် တူးဖော်ချိန်(၄)လဆိုသော အချိန်ကာလသာရရှိသည်ကတစ်ကြောင်း၊ ကျောက်စိမ်းကျောက်မျက်ရတနာတူးဖော်ခြင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျောက်စိမ်းရတနာများ ပါဝင်သော ကျောက်ကြောမရောက်ခင် ဖယ်ရှားတူးဖော်စွန့်ပစ်ရသည့်မြေစာများ၊ ကျောက်စိမ်းရတနာ တူးဖော်ချိန်၌လည်း ကျောက်စိမ်းရတနာများတူးဖော်ထုတ်ယူပြီး ကျန်မြေစာတန်ချိန်အမြောက်အမြားတို့ကို လုပ်ငန်းစဉ်များ လုပ်ပိုင်ခွင့်ရရှိထားသောဧရိယာအတွင်းသို့ စွန့်ပစ်ရန် ဧရိယာအခက်အခဲရှိပါက သတ္တုတွင်းဝန်ကြီးဌာနမှချမှတ် သတ်မှတ်ထားပေးသော စွန့်ပစ်မြေစာကွင်းများသို့ သွားရောက်စွန့်ပစ်ရာတွင် ခရီးအနီးအဝေးအလိုက် စည်းမျဉ်းစည်းကမ်းများ လိုက်နာဆောင်ရွက်သည်က တစ်ကြောင်းစသည့် လုပ်ငန်းရပ်များကို ရာသီအချိန်ကာလတွက်ချက်၍ တူးဖော်ရခြင်း၊ ကုန်ကျစရိတ်များပြားခြင်း၊ စိုက်ထုတ်ရင်းနှီးမှုမြှုပ်နှံရခြင်းနဲ့ တစ်နှစ်တာကာလအတွင်း ရင်းနှီးမြှုပ်နှံမှုမဆုံးရှုံးစေရန် အကျိုးအမြတ်ရရှိစေရေးတို့ကို အချိန်နှင့်တစ်ပြေးညီ နေ့ညအဆက်မပြတ် တူးဖော်၊ ထုတ်လုပ် စွန့်ပစ်နေရပါတယ်။ တူးဖော်ဧရိယာ အလျှင်စလိုတူးဖော်ရခြင်း၊ မြေစာအမြောက်အမြားစွန့်ပစ်ရခြင်း၊ စက်ယန္တရားအင်အား၊ ငွေအရင်းအနှီးအင်အား၊ လူအင်အား အဆမတန် စိုက်ထုတ်လုပ်ကိုင်ရတဲ့အဓိကအချက်သည် လုပ်ကွက်သက်တမ်းခွင့်ပြုပေးသည့် အချိန်ကာလနည်းပါးမှုကြောင့် အဓိကဖြစ်ပါသည်။

လုပ်ငန်းစဉ်များအနေဖြင့် စွန့်ပစ်မြေစာများ သွားရောက်စွန့်ပစ်ရာတွင် မြေစာ အမြောက်အများအပြင် မြေစာအခြောက်များအပြင် ရေကနေပါဝင်သော မြေစာအစိုများ ရောထွေးစွန့်ပစ်၊ ရောထွေးစုပုံထားတဲ့အတွက် အချိန်အခါမရွေး အန္တရာယ်ကျရောက်နိုင်တဲ့ အနေအထားဖြစ်ပါတယ်။ ယခုလိုအချိန်ခါမျိုး အန္တရာယ်ကျရောက်နိုင်တဲ့ သတ်မှတ်ထားတဲ့ စွန့်ပစ်မြေစာပုံပေါ်၌လည်းကောင်း၊ မြေစာပုံအနီး၌လည်းကောင်း ဝင်ရောက်နေထိုင်ခြင်းများ ခွင့်မပြုသင့်ပါ။ ခွင့်ပြုချက်များလည်း ပေးထားခြင်းမရှိသည်ကို တင်ပြလိုပါတယ်။ တရားမဝင် ဝင်ရောက်နေထိုင်သူများရှိပါကလည်း အချိန်မရွေး မြေစာပုံပြိုကျနိုင်သည်ကို သတ္တုတွင်းဝန်ကြီးဌာနမှ အန္တရာယ်ရှိနိုင်သည်ကို သတ္တုတွင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာ ဆက်စပ်ဌာနများနှင့် ပူးပေါင်းတာဝန်ယူ၍ ပညာပေးဟောပြော စည်းရုံးခြင်း၊ သတိပေးတားမြစ်ဖယ်ရှားခြင်း၊ ပြောင်းရွှေ့စေခြင်းနှင့် စီမံပေးခြင်း၊ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊ အရေး ယူခြင်းစသည်တို့ကို တာဝန်ယူ တာဝန်ခံဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ အခြေခံလူတန်းစားများဖြစ်တဲ့ အတွက် ဥပဒေနဲ့အညီ အကာအကွယ်စောင့်ရှောက်ပေးခြင်းများ၊ ဥပဒေနဲ့အညီ နေထိုင်လုပ်ကိုင်ဆောင်ရွက်နိုင်ရန် သီးခြားနေရာများ၊ သီးခြားဧရိယာများ ဆောင်ရွက်ပေးသင့်ပါတယ်။

ယခုလို ဖြစ်ရခြင်းမှာ သတ္တုတွင်းဝန်ကြီးဌာနက သတ်မှတ်ပေးထားသော တရားဝင် စွန့်ပစ်ဧရိယာတွင် သတ္တုတွင်းဝန်ကြီးဌာန သို့မဟုတ် စွန့်ပစ်ခွင့်ရ လုပ်ငန်းစဉ်တွင်ခွင့်ပြုချက်မရယူဘဲ တရားမဝင် ဝင်ရောက်နေထိုင်သူ များပြားခြင်းကြောင့် လူသားချင်းစာနာထောက်ထား၍လည်းကောင်း၊ မလိုလားအပ်သည့် ကိစ္စပြဿနာများ ပဋိပက္ခများမဖြစ်ပေါ်လာရေးအတွက်လည်းကောင်း၊ နားလည်မှုပေးရာမှ မတားနိုင်မဆီးနိုင် မနိုင်မနင်းဖြစ်ရသည့်အတွက် အန္တရာယ်ရှိသော မြေစာပုံ၌ ၎င်းတို့မိသားစုဘဝ စီးပွားရေး ချောမွေ့အဆင်ပြေစေရေးအတွက် ကျရောက်လာမည့် အန္တရာယ် များကို စဥ်းစားချင့်ချိန်တွက်ဆမှုနည်းပါးခြင်း၊ တွက်ဆမှုမရှိခြင်း၊ ဘဝရပ်တည်ရှင်သန်ရေးတို့အတွက် ဆက်လက်နေထိုင် ရှာဖွေလုပ်ကိုင်ကြရာတွင် မြေစာပုံအတွင်း ယခင်အစိုဓာတ်များ ဖြစ်တည်လျက်ရှိခြင်းနဲ့ မိုးရာသီအချိန်အခါ မိုးရွာသွန်းမှုတို့ကြောင့် မိုးရေများထပ်မံစိမ့်ဝင်ကာ မြေစာပုံအတွင်းလှိုက်စား၍ အောင်းရေများဖြစ်ပေါ်

နေချိန်၌ နှေ့ဦးကာလရောက်ရှိ၍ အပူအအေးပြောင်းလဲခြင်းကြောင့် မြေစာပုံခါးလယ်တွင် ကနဦး အစိုများ မိုးရေများလိုက်စားမှုကြောင့် မြေစာပုံများ ခါးလယ်မှပျက်ကျပြိုပျက်ခြင်းနှင့် မြေစာပုံအတွင်း၊ မြေစာပုံအနီး နေထိုင်သူများ အတိဒုက္ခ ဘေးဆိုးအန္တရာယ်များ တွေ့ကြုံရပြီး ပြည်ထောင်စုလူမျိုးများ၊ အခြေခံလူတန်းစား လူသားအရင်းအမြစ်များ ထိခိုက်သေကျေပျက်စီးဆုံးရှုံးခြင်းစတဲ့ အနိဋ္ဌာရုံအဖြစ်ဆိုး များ ကြုံတွေ့ခဲ့ရခြင်း ဖြစ်ပါတယ်။

ယခုလို အနိဋ္ဌာရုံအဖြစ်ဆိုးများကြုံတွေ့ခဲ့ရတဲ့သူများအတွက် များစွာစိတ်မကောင်း၊ ဝမ်းနည်း ရပါကြောင်းလည်း တင်ပြအပ်ပါတယ်။ ကျောက်စိမ်း၊ ကျောက်မျက်ဧရိယာအတွင်းသို့ လာရောက်စီးပွား ရှာရခြင်းမှာ ၎င်းတို့နေထိုင်ရာ ပြည်နယ်/တိုင်းဒေသအသီးသီး၊ မြို့နယ်အသီးသီး၊ ဒေသအသီးသီးတွင် စီးပွားရေးမပြေလည်ခြင်း၊ စီးပွားရေးဖြစ်ထွန်းမှုအားနည်းခြင်း၊ ၎င်းတို့ လူသားအရင်းအမြစ် ရှင်သန် တိုးတက်လိုသော ဆန္ဒ၊ လူ့ဘဝအခွင့်အရေး အကျိုးရလဒ်နှင့် အကျိုးစီးပွားရရှိဖြစ်ထွန်းလိုသော ဆန္ဒ၊ မိသားစုဘဝများ တိုးတက်မြင့်မားလိုသောဆန္ဒ၊ ရည်ရွယ်ချက်ကောင်းများကို အကောင်အထည်ဖော် အောင်မြင်မှုရရှိစေရန် အချို့ကတော့ ကုမ္ပဏီများတွင် ဝန်ထမ်းအဖြစ် သွားရောက်လုပ်ကိုင်ခြင်းများ ရှိသလို အချို့မှာ ကျောက်စိမ်းရတနာများကို ရှာဖွေတူးဖော် လုပ်ကိုင်လိုသော ရေမဆေးကျောက် ရှာဖွေ ခြင်းလုပ်ငန်း လုပ်ကိုင်ခြင်း၊ အချို့သော လူများကတော့ တစ်ပိုင်တစ်နိုင် ဈေးသည်လုပ်ငန်းများ လုပ်ကိုင် ခြင်းစတဲ့ ၎င်းတို့ လူသားအရင်းအမြစ် ရှင်သန်တိုးတက်ရေးအတွက်၊ စီးပွားဖြစ်ထွန်းရေးအတွက် လွတ်လပ်စွာ နေထိုင်ပြီး၊ လွတ်လပ်စွာရှာဖွေ လုပ်ကိုင်သူများတို့ဟာ ပြည်ထောင်စုတိုင်းဒေသ၊ ပြည်နယ် အသီးသီးတို့မှ အခြေခံလူတန်းစားများနှင့် ဒေသခံအခြေလူတန်းစားတို့ စိတ်ဆန္ဒ ရည်ရွယ်ချက် အမျိုးမျိုး တို့ကို မျှော်လင့်ချက်ကြီးစွာဖြင့် ဥပဒေနဲ့ညီညွတ်ခြင်း၊ မညီညွတ်ခြင်းကို အရေးမထားတော့ဘဲ စီးပွားရေး လုပ်ပြီး ကြီးပွားလာနိုင်ရေးအတွက် သွားရောက်ရှာဖွေနေထိုင် သက်စွန့်ဆံဖျား ဆောင်ရွက် သူများဖြစ်ကြ ပါတယ်။ ဒေသအသီးသီးမှ အခြေခံလူတန်းစားများသည် အစုအဖွဲ့ ဖွဲ့စည်း၍လည်းကောင်း၊ တစ်ဦးချင်းစီ လည်းကောင်း၊ ၎င်းတို့အသက်အန္တရာယ်ပျက်စီး ဆုံးရှုံးနိုင်မှုကို ဂရုမထားဘဲ ကျောက်စိမ်းရတနာများကို တရားမဝင်ရှာဖွေခြင်း၊ တူးဖော်ခြင်းများကို လုပ်ကိုင်ရတဲ့အတွက် ဥပဒေမဲ့ လူသားများအဖြစ် အလို အလျောက်ရောက်ရှိသွားခဲ့ရပြီး ၎င်းတို့ရေမဆေးလုပ်ကိုင်ခြင်းမှ ရှာဖွေတူးဖော်ရရှိသော ကျောက်စိမ်း များကလည်း တရားမဝင်ပစ္စည်းဖြစ်နေခြင်းကြောင့် လုံခြုံမှုမရှိ၍ အန္တရာယ်အမျိုးမျိုးကို စိုးရိမ်ရခြင်းနှင့် ၎င်းတို့မိသားစု စီးပွားရေးအဆင်ပြေနိုင်ရေးအတွက်၊ စားဝတ်နေရေးအဆင်ပြေနိုင်စေရေးအတွက် အလျင်စလိုရောင်းချရခြင်း၊ ဈေးကွက်ကျွမ်းကျင်မှုမရှိသည့် အားနည်းချက်များအပေါ် ဈေးနှုန်းမှန် မရရှိ ဘဲ ဆင့်ကဲအမြတ်ထုတ်ခံရခြင်းများရှိသလို အဆင်ပြေသူများလည်း ရှိပါတယ်။

၎င်းအပြင် တချို့သူများသည် မူးယစ်ဆေးဝါးရောင်းချ အမြတ်ထုတ်သူတို့၏ သားကောင် အဖြစ်သို့ မသိနားမလည်ဘဲကျရောက်ပြီး မူးယစ်ဆေးဝါးသုံးစွဲနိုင်ရေးကတစ်ဖက်၊ ၎င်းတို့မိသားစု စားဝတ်နေရေးတို့ကတစ်ဖက်တို့ကြောင့် ကျောက်စိမ်း၊ ကျောက်မျက်ရတနာများရရှိရေးကိုသာ ဆန္ဒဇော ကပ်ဒုက္ခခံပြီးရှာဖွေခြင်း၊ ရှာဖွေ၍မရပါက မလိုလားအပ်သော မသမာဥပဒေမဲ့ လူမျိုးစုံတို့ ပြစ်မှု ကျူးလွန်ခြင်း၊ ကျောက်စိမ်းဧရိယာသို့ သွားရောက်သူအားလုံးတို့ကိုတော့ မဆိုလိုပါ။ ၎င်းတို့ဘဝ ကောင်းမွန်စွာ တန်ဖိုးထားနိုင်သူများရှိသလို အများစုမှာတော့ ထိန်းသိမ်းနိုင်ခြင်း၊ မိမိကိုယ်မိမိ တန်ဖိုး ထားနိုင်ခြင်းမရှိသောသူ အများအပြားရှိနေတာဟာ အနာဂတ်အတွက် ပြည်ထောင်စုသားကောင်းများ ထိခိုက်ပျက်စီးဆုံးရှုံးရခြင်း၊ နိုင်ငံရေး၊ နိုင်ငံစီးပွားရေးဝန်ထမ်းကောင်းများ၊ နိုင်ငံ့ရဲ့အခွန်ဝန်ထမ်း

ကောင်းများ ၎င်းတို့နဲ့ ၎င်းတို့၏မိသားစု ဘဝအနာဂတ်များအတွက် အကျိုးပြုနိုင်ခြင်းမရှိတော့ဘဲ များစွာ ထိခိုက် ဘဝပျက်မှုများနဲ့ တန်ဖိုးမဖြတ်နိုင်သော လူအရင်းအမြစ်ဆုံးရှုံးမှုနဲ့ ကြုံရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ပါ ထိခိုက်ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေးနှင့် သယံဇာတကို စနစ်တကျ မျှတစွာ ထုတ်ယူသုံးစွဲပြီး အကျိုးစီးပွားမျှတအောင် ဖြစ်ထွန်းလာရေးအတွက် အကြံပြုလို ပါတယ်။ ပထမအချက်အနေနဲ့ ကျောက်စိမ်း၊ ကျောက်မျက်တူးဖော်ရေးလုပ်ငန်းကို နိုင်ငံသားအကြီးစား တူးဖော်ထုတ်လုပ်ခြင်း၊ နိုင်ငံသားအလတ်စားတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်ခွင့်အဖြစ် မြန်မာ့ကျောက်မျက်ရတနာဥပဒေတွင် အစားထိုးပြဋ္ဌာန်းပေးစေလိုခြင်း၊ ဒုတိယအချက်အနေဖြင့် နိုင်ငံသား အသေးစား တူးဖော်ထုတ်လုပ်ခြင်းနှင့် နိုင်ငံသား လက်လုပ်လက်စား တူးဖော်ထုတ်လုပ်ခြင်းများကို ပြည်ထောင်စု တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတို့မှ လုပ်ကိုင်ခွင့်အဖြစ် မြန်မာ့ကျောက်မျက်ရတနာဥပဒေတွင် အစားထိုးပြဋ္ဌာန်းပေးစေလိုခြင်း၊ နိုင်ငံတော်နှင့် အကျိုးတူလုပ်ငန်းကို အကြီးစားလုပ်ငန်းအဖြစ် သတ်မှတ် လုပ်ကွက်လုပ်ငန်းများကို အလတ်စားလုပ်ငန်းအဖြစ် မြေလွတ်၊ မြေရိုင်း စီမံခန့်ခွဲမှုဥပဒေ အခန်း(၄) ပုဒ်မ ၁၀၊ အပိုဒ်(ဂ)နဲ့အညီ မြန်မာ့ကျောက်မျက်ရတနာဥပဒေတွင် အစားထိုးပြဋ္ဌာန်းအတည်ပြု ပေးစေလိုပါတယ်။

အကြီးစားနဲ့ အလတ်စား ဥပဒေအရ သက်တမ်းခိုင်မာလုံလောက်သော အချိန်ကာလအစားထိုး ပြဋ္ဌာန်းပေးနိုင်ခြင်းကြောင့် လုပ်ငန်းစဉ်များမှ ၎င်းတို့ရရှိသော ဧရိယာအကျယ်အဝန်းနှင့် ကိုက်ညီသော နှစ်ကာလသက်တမ်းများ သတ်မှတ်ချက်များ ရရှိပေးနိုင်မှုအပေါ် (၁)ကျောက်စိမ်း၊ ကျောက်မျက် တူးဖော် ရေးလုပ်ငန်း နှစ်အလိုက်ဧရိယာစီမံကိန်းချမှတ်ရေးဆွဲ တွက်ချက်တူးဖော်ထုတ်လုပ်နိုင်ခြင်း၊ (၂)စီမံကိန်းချမှတ်ရေးဆွဲ တွက်ချက်ထားနိုင်ခြင်းကြောင့် စက်ယန္တရားအင်အား၊ လူအင်အား၊ ငွေအင်အားတို့ကို နှစ်အလိုက် လိုအပ်သလောက်သာ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်ခြင်း၊ (၃) ကျောက်စိမ်းကျောက်မျက် သယံဇာတများကို ဈေးကွက်တောင်းဆိုမှုအရ စနစ်တကျတူးဖော်ထုတ်လုပ်ခြင်းနှင့် သယံဇာတများကို နှစ်ရှည်ကြာမြင့်စွာ ထိန်းသိမ်းထုတ်လုပ်နိုင်ခြင်း၊ ကျောက်စိမ်းကျောက်မျက် အရိုင်းဈေးကွက်၊ အချောထည်ဈေးကွက်၊ လက်ဝတ်ရတနာဈေးကွက်များကို နိုင်ငံအတွင်း ကျယ်ပြန့်စွာ ဖော်ဆောင်နိုင်ပြီး ပြည်တွင်းပြည်ပဈေးကွက် အကျိုးရလဒ်များကို မှန်ကန်စွာရရှိစေခြင်း၊(၄) ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းနှင့် ပြန်လည်ဖြည့်ဆည်းခြင်းတို့ကို စနစ်တကျ နည်းစနစ်ကောင်းများဖြင့် စီမံဆောင်ရွက်ပေးနိုင်ခြင်း၊ (၅) မလိုလားအပ်သော ဘေးဆိုးအန္တရာယ်အမျိုးမျိုးမဖြစ်ပေါ်စေရန် လုပ်ငန်းအန္တရာယ်ကင်းရှင်းရေး စနစ်ကောင်းများဖြင့်ကာကွယ်စောင့်ရှောက်လျှော့ချနိုင်ခြင်း၊ (၆)စွန့်ပစ်မြေစာများကို သတ်မှတ်ဧရိယာတွင် သတ်မှတ်ချက်များနှင့်အညီ စွန့်ပစ်နိုင်ခြင်းကြောင့် လူအရင်းအမြစ်ထိခိုက်ပျက်ဆီးဆုံးရှုံးခြင်းတို့ကို လျှော့နည်းလျှော့ပါးစေပြီး မြစ်ချောင်းအင်းအိုင်တို့အတွင်း မြေစာများပိတ်ဆို့ခြင်းတို့ကိုလည်း လျှော့ပါး လျှော့နည်းနိုင်ပါတယ်။

(၇) သတ်မှတ်ထားတဲ့ ကျောက်စိမ်းကျောက်မျက်ရတနာမြေအတွင်း ဘေးအန္တရာယ်ဆိုးများ မကျရောက်မထိခိုက်စေရန် လုပ်ငန်းဧရိယာအတွင်းနှင့် လုပ်ငန်းအနီး၌သော် လည်းကောင်း၊ မြေစာပုံနှင့် မြေစာပုံဧရိယာအနီး၌သော်လည်းကောင်း၊ လုပ်ငန်းခွင်အဆောက်အဦမှလွဲ၍ လုပ်ငန်းဆောင်ရွက်မှု မပြီးမချင်း ကျေးရွာတည်ဆောက်ခြင်း၊ ရပ်ကွက်တည်ဆောက်ခြင်း၊ နေထိုင်ခြင်း များမဖြစ်စေရန်နှင့်မရှိစေရန်၊ ပြည်ထောင်စုတိုင်းဒေသ ပြည်နယ်အစိုးရများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ လက်ရှိကျေးရွာ

အသစ်သော်လည်းကောင်း၊ ယာယီလူနေထိုင်ရာအဖြစ်သော်လည်းကောင်း၊ လုပ်ငန်းဧရိယာအတွင်း တည်ဆောက်နေထိုင်ခြင်း၊ လုပ်ငန်းဧရိယာနှင့်ဆက်စပ်နေထိုင်လျက်ရှိပါက ၎င်းအခြေခံ လူတန်းစားများအား ဥပဒေနဲ့အညီ နေထိုင်နိုင်ရန် ကျောက်စိမ်းကျောက်မျက်ရတနာကြောများ ဆွဲဝင်ထွက်ရှိခြင်းမရှိသည့် ဒေသအခေါ် ဖားကန့်တောင်အခံတောင်များ ဧရိယာများသို့ တိုင်းပြည်နယ် ဒေသအစိုးရတို့နဲ့ ညှိနှိုင်း၍ စနစ်တကျကူညီပြောင်းရွှေ့ပေးစေလိုခြင်း၊ (၉) ပြည်ထဲရေး ဥပဒေအရခွင့်ပြုထား၍ တရားဝင်နေထိုင်လျက်ရှိသော ကျေးရွာအဆောက်အဦများသည် ဘေးအန္တရာယ်ကျရောက်မည့် အခြေအနေများအရသော်လည်းကောင်း (သို့မဟုတ်) ၎င်းကျေးရွာအတွင်း မြေပေါ်မြေအောက် ကျောက်စိမ်းကျောက်မျက်ရရှိနိုင်သော မြေအမျိုးအစားလက္ခဏာအင်္ဂါရပ်များနှင့် ညီညွတ်မှုတွေ့ရှိရပါက ၎င်းဧရိယာနှင့် ပတ်သက်၍ ဆန့်ကျင်ဘက်တောင်းဆိုမှုများ မလိုလားအပ်သော ပဋိပက္ခများမဖြစ်ပေါ်စေရန်၊ ၎င်းတို့၏ ကျေးရွာပိုင်မြေများကိုသိမ်းယူခြင်း၊ သိမ်းဆည်းခြင်းမပြုဘဲ၊ ၎င်းကျေးရွာတွင်နေထိုင်ကြသော ပြည်ထောင်စုလူမျိုး အလွှာအသီးသီးတို့ကို ဥပဒေနဲ့အညီ အကျိုးစီးပွားရှာဖွေ ခံစားရရှိနိုင်ရေးအတွက် အများပိုင်စုပေါင်းစီးပွားရေးလုပ်ငန်း တူးဖော်ထုတ်လုပ်ခွင့်ရရှိစေရန်၊ စီးပွားရေးမှတ်ပုံတင်ကုမ္ပဏီများ ထူထောင်လုပ်ကိုင်နိုင်ဖို့ စည်းရုံးဟောပြောပညာပေးစေလိုခြင်း၊ ၎င်းကျေးရွာနေ ပြည်ထောင်စုလူမျိုးများမှ တရားဝင်ကျေးရွာအား စီးပွားရေးလုပ်ငန်းဖြင့် ဥပဒေနဲ့အညီ ဆောင်ရွက်မည်ဆိုပါက ၎င်းတို့နေထိုင်နိုင်ရန်အတွက် ကျောက်စိမ်းကျောက်မျက်ထွက်ရှိခြင်းမရှိသော အခံတောင် မြေပြန့်ဧရိယာများကို ကျောက်စိမ်း ကျောက်မျက် မထွက်ရှိတော့တဲ့နေရာများကို ဆန်းစစ်လေ့လာပြီး သုတေသနပြုရေး ပြည်ထောင်စုတိုင်းဒေသ ပြည်နယ်အစိုးရတို့နှင့် ညှိနှိုင်းပေါင်းစပ် ပြောင်းရွှေ့ပေးစေလိုခြင်း၊ ကျောက်စိမ်းကျောက်မျက်ရတနာကြောများကို တူးဖော်ထုတ်လုပ် ပြီးစီးခြင်း၊ ဧရိယာနဲ့ စွန့်ပစ်မြေစာပုံအတွင်း အသေးစားလက်လုပ်လက်စားလုပ်ကိုင်သူများ ရှာဖွေပြီးစီးသည့် ဧရိယာများတွင် ကျောက်စိမ်းကျောက်မျက်ထွက်ရှိသောနေရာများသည် ရတနာမြေအဖြစ် သတ်မှတ်ထားသောကြောင့် သတ္တုတွင်းဝန်ကြီးဌာနနှင့် ပြည်ထောင်စုတိုင်းဒေသပြည်နယ်အစိုးရတို့မှ ဆက်စပ်လျက်ရှိသော ဝန်ကြီးဌာနများ၊ ပညာရှင်များ၏ အကူအညီအကြံဥာဏ်ရယူ၍ လုပ်ငန်းပြီးစီးသည့်မြေများကို သုတေသနပြုဆန်းစစ်လေ့လာပြီး မြေအမျိုးအစားနှင့်ကိုက်ညီမဲ့ နှစ်တိုနှစ်ရှည်ရာသီသီးနှံများ ပြန်လည်စိုက်ပျိုးခြင်းဖြင့် သဘာဝပတ်ဝန်းကျင်စိုပြည်စိမ်းလန်းလာနိုင်ရေးနှင့် စိုက်ပျိုးသူများအကျိုးမျှတ ဆက်လက်ခံစားခွင့် သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စု တိုင်းဒေသပြည်နယ်အစိုးရတို့၏ လုပ်ကိုင်ခွင့်တွင်ထားရှိ၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးစေလိုခြင်း၊ (၁၁)ပြည်ထောင်စုနိုင်ငံတော်ကိုအုပ်ချုပ်သူအစိုးရ ဂုဏ်အင်္ဂါနဲ့ ပြည်ထောင်စုသားလူမျိုးများ၏ဂုဏ်သိက္ခာကို ထိခိုက်ညှိုးနွမ်းခြင်း၊ ပျက်ဆီးဆုံးရှုံးခြင်းတို့ကို အကာအကွယ် ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ပြည်ထောင်စုနိုင်ငံသားလူမျိုးများအပေါ် မူးယစ်ဆေးဝါးနဲ့ အကျိုးစီးပွားရှာ မတရားအမြတ်ထုတ်နေသော ရောင်းချသူများကို ဥပဒေနဲ့အညီ ထိရောက်ပြတ်သားစွာ အရေးယူဆောင်ရွက်ပေးရေးနှင့် မူးယစ်ဆေးဝါးသားကောင်အဖြစ် သွတ်သွင်းခံရသောသူများကိုလည်း လူသားအရင်းအမြစ်မဆုံးရှုံးစေဘဲ ၎င်းတို့ဘဝ ပြန်လည်ထူထောင်ကယ်တင်နိုင်ရေးအတွက် ထိရောက်စွာပညာပေးကုစားသည့်စခန်းများ အလျင်အမြန်ဆောင်ရွက်ပေးစေလိုခြင်း၊ (၁၂)ပြည်ထောင်စုတိုင်းဒေသ ပြည်နယ်အစိုးရတို့မှ ကျောက်စိမ်းကျောက်မျက်ထွက်ရှိသော ဧရိယာနှင့် ကျောက်စိမ်း ကျောက်မျက်ကျန်ရှိနေသေးသော စွန့်ပစ်မြေဇာပုံဧရိယာများကို အသေးစားလုပ်ငန်း၊ လက်လုပ်လက်စားလုပ်ငန်းဧရိယာများအဖြစ် သတ္တုတွင်းဝန်ကြီးဌာနနှင့် လိုအပ်သလိုညှိနှိုင်း၍ လုပ်ကိုင်ခွင့် လျှောက်ထားခွင့်နဲ့ လုပ်ကိုင်ခွင့်များကို

ပြည်ထောင်စုလူမျိုးများ အခြေခံလူတန်းစားအလွှာများအတွက် အသေးစားလုပ်ငန်းကို စီးပွားရေး မှတ်ပုံတင်ကုမ္ပဏီစနစ်ဖြင့် လျှောက်ထားလုပ်ကိုင်ခွင့်ရရှိစေပြီး လက်လုပ်လက်စားလုပ်ငန်းများကို လူပုဂ္ဂိုလ်များအဖွဲ့ ဖွဲ့၍သော်လည်းကောင်း၊ လူပုဂ္ဂိုလ် အမည်ဖြင့်သော်လည်းကောင်း၊ လျှောက်ထားခွင့်၊ လုပ်ပိုင်ခွင့်၊ ဆောင်ရွက်ခွင့်ပေးစေလိုခြင်း၊ (၁၃) အဆိုရှင် ဦးခက်ထိန်နန်၏ လေးနက်ကောင်းမွန်တဲ့ ရည်ရွယ်ချက်ကို လျင်မြန်စွာအကောင်အထည်ဖော် အကျိုးဖြစ်ထွန်းနိုင်စေရေးအတွက် လွှတ်တော်တွင် ကြန့်ကြာနေသော မြန်မာ့ကျောက်မျက် ရတနာဥပဒေကို ပြင်ဆင်သည့်ဥပဒေအား ပြည်ထောင်စု လွှတ်တော်၌ တင်သွင်းဆွေးနွေး အတည်ပြုပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးစေလိုခြင်း၊ (၁၄) ၎င်း ဥပဒေအား ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုမပြဋ္ဌာန်းနိုင်သေးသော အချိန်ကာလများတွင် လိုအပ်သည့် စီမံချက်မူဘောင်များ ယာယီချမှတ်ဆောင်ရွက်ပေးစေလိုခြင်း စသည့်အကြံပြုချက်များကို တင်ပြလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ နိဂုံးချုပ်အနေနှင့် အဓိကဆွေးနွေးတင်ပြလိုသည်မှာ ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ပြည်ထောင်စု လူမျိုးများအလွှာသီးသီးရှိသည့်အနက် အခြေခံလူတန်းစားအလွှာသည် ရာခိုင်နှုန်းများစွာ တည်ရှိလျက် ရှိပါသည်။ ၎င်းတို့ကို စီးပွားရေးအကျိုး ရလဒ်များ မျှတစွာခံစားခွင့်၊ လုပ်ကိုင်ခွင့်ရရှိစေရန် ဥပဒေနဲ့အညီ ခွင့်ပြုပေးခြင်း၊ အကျိုးစီးပွားများကို ဥပဒေတံခါး၊ ဥပဒေလှေခါး၊ ဥပဒေတံတား၊ ဥပဒေလမ်းမကြီးတို့ကို အားကိုးအားထားပြုလျက် ဥပဒေပါ အခွင့်အလမ်းများကို တူညီမျှတလွတ်လပ်စွာ အနာဂတ်ပြည်ထောင်စု နိုင်ငံတော်အတွက်အကြီးစား၊ အလတ်စားလုပ်ငန်းစဉ်များအဖြစ် အကျိုးပြုနိုင်သလို အသေးစားနဲ့ လက်လုပ်လက်စားလုပ်ငန်းစဉ်များ၏ ကြိုးစားအားထုတ်မှု၊ စီးပွားရေးတိုးတက်မှုတို့ကြောင့် အလတ်စား လုပ်ငန်း၊ အကြီးစားလုပ်ငန်းစဉ်ဘဝများသို့ ကူးပြောင်းအားဖြည့်ပေးလာနိုင်တဲ့အတွက် ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ခိုင်မာသောစီးပွားရေးထောက်တိုင်များ၊ စီးပွားရေးအခွန်ဝန်ထမ်းကောင်းများ၊ နိုင်ငံတကာနဲ့ရင်ပေါင်တန်းလျက် ပူးပေါင်းဆောင်ရွက်ထူထောင်နိုင်ခြင်းစတဲ့ ကြီးမားတဲ့အောင်မြင်မှုများ အတွက် အဓိကလိုအပ်ချက်မှာ ခိုင်မာတဲ့ ဥပဒေပြဋ္ဌာန်းပေးရေး ဖြစ်ပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံသားလူမျိုးများအတွက် ကောင်းမွန်ခိုင်မာတဲ့ဥပဒေများ ပြဋ္ဌာန်းပေး ခြင်းမှတစ်ပါးအခြားမရှိပါ။ ပြည်ထောင်စုနိုင်ငံသားလူမျိုးများအမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားထွန်းတောက် လာပြီး နိုင်ငံကိုအုပ်ချုပ်စီမံခန့်ခွဲသည့် အစိုးရအဖွဲ့အစည်းများတို့၏ဂုဏ်အင်္ဂါကို ထိန်းသိမ်းမြှင့်တင် နိုင်ပြီး နိုင်ငံတကာတို့၏ ယုံကြည်မှုနဲ့အတူ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုရရှိနိုင်မည် ဖြစ်ပါသဖြင့် အထက်ပါ အကြံပြုချက်များနဲ့အတူ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်သည့်ဥပဒေအား ပြည်ထောင်စု လွှတ်တော်၌ အမြန်ဆုံးအတည်ပြု ပြဋ္ဌာန်းပေးနိုင်ရေးအတွက် ဦးစားပေးအစီအစဉ်ဖြင့် လေးလေး နက်နက် အရေးတယူ အချိန်မီပြဋ္ဌာန်းပေးနိုင်ပါက ကချင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ အဆိုရှင် ဦးခက်ထိန်နန်၏ ရည်ရွယ်ချက်များကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်မည် ဖြစ်ပါ ကြောင်း၊ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်းနှင့် ဦးခက်ထိန်နန်၏ အဆိုအား ကြိုဆိုအကြံပြု ဖြည့်စွက် ထောက်ခံပါကြောင်း လေးစားစွာဖြင့် တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**အချိန်၊ ၁၁း၁၅။**

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တ ခဏရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၁၅ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၃၀နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၁း၃၆။**

**ဥက္ကဋ္ဌ**။ ။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစံပြည့် ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၁း၃၆။**

**ဦးစံပြည့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဦးခက်ထိန်နန်ရဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဖားကန့်ဒေသ ကျောက်စိမ်းတူးဖော်မှုအခြေအနေများကို ရှေ့ကလွှတ်တော်ကိုယ်စားလှယ်(၄)ဦးက ဓာတ်ပုံများနဲ့ ပြည့်ပြည့်စုံစုံတင်ပြသွားပြီးဖြစ်တဲ့အတွက် အခြေအနေအရပ်ရပ်ကို သိရှိနိုင်ပြီလို့ယူဆပါတယ်။ ဖားကန့်မှာ မြေစာပုံပြိုကျလို့ လူအများအပြားသေဆုံးမှုဖြစ်စဉ်ဟာ အဓိကကတော့ တရားဥပဒေမစိုးမိုးနိုင်လို့သာ ဖြစ်ပွားရခြင်းဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးမှုအားနည်းတဲ့အတွက် တာဝန်ရှိသူများကလည်း အခါအားလျော်စွာသွားရောက်ကြပ်မတ်စိစစ်ရန် အခက်အခဲရှိသလို တာဝန်ရှိကုမ္ပဏီများကလည်း လုပ်ငန်းခွင်ကင်းရှင်းအောင် တားမြစ်ပိတ်ပင်လို့မရနိုင်တဲ့အနေအထားမှာ ရှိပါတယ်။ ဒါကြောင့်မို့ အလားတူဖြစ်စဉ်မျိုး နောင်မဖြစ်အောင် ကာကွယ်နိုင်ရန်မှာ တရားဥပဒေစိုးမိုးမှုရှိအောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးရရှိမှ တရားဥပဒေစိုးမိုးမှုအပြည့်အဝ ရရှိနိုင်မှာဖြစ်တဲ့အတွက် ငြိမ်းချမ်းရေးအမြန်ရရှိအောင် အားလုံးက ကြိုးပမ်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ နောက်တစ်ချက်က အဆိုရှင်ဆွေးနွေးသွားတဲ့ ယနေ့ကျောက်စိမ်းတူးဖော်နေတဲ့ပုံစံဟာ နေ့စဉ် ရွှေဥတစ်လုံး တစ်လုံးဥပေးတဲ့ ငန်းကိုအလိုကြီးလို့ ငန်းကိုသတ်ပြီး ရွှေဥကိုယူသလိုဖြစ်နေပြီဆိုတဲ့ ဥပမာပေးထားတဲ့အချက်ကို ထောက်ခံဆွေးနွေးလိုပါတယ်။

ကျောက်စိမ်းဟာကုန်ခမ်းနိုင်တဲ့ ပစ္စည်းဖြစ်ပါတယ်။ တန်ဖိုးရှိတဲ့အခါ ဈေးကွက်မှာဈေးရရှိတဲ့အခါ တူးဖော်ထုတ်လုပ်ပြီးရောင်းမှ နိုင်ငံတော်အတွက်ရော ထုတ်လုပ်သူအတွက်ပါ အပြည့်အဝ အကျိုးရှိမှာဖြစ်ပါတယ်။ ကျောက်စိမ်းကို တရုတ်ပြည်တစ်ခုတည်းကသာ အဓိကထားပြီးတော့ ဝယ်ယူနေတာဖြစ်ပါတယ်။ ယခုအချိန်မှာ တရုတ်အစိုးရကလည်း ကျောက်စိမ်းလို ဇိမ်ခံပစ္စည်းလုပ်ငန်းမျိုးကို အားမပေးပါဘူး။ ငွေချေးမပေးတော့ဘူး။ လာဘ်ပေးလာဘ်ယူတွေကို အပြစ်ပေး အရေးယူနေတာကြောင့် ကျောက်စိမ်းကို ဝယ်သူမရှိဖြစ်နေပါတယ်။ အရင်းအနှီးတတ်နိုင်တဲ့ တရုတ်ကုန်သည်ကြီးများကတော့ အောက်ဈေးနဲ့ ဝယ်ပြီးနောင်ဈေးတက်မှ ရောင်းဖို့စုပုံထားကြတယ်လို့သိရပါတယ်။ ကျောက်စိမ်းဈေးမကောင်းပေမယ့် ဖားကန့်မှော်ထဲမှာတော့ စက်ယန္တရားကြီးတွေနဲ့ (၂၄)နာရီ အကြီးအကျယ်တူးဖော်နေကြတယ်။ နောင်အစိုးရတက်ရင် policy ပြောင်းသွားနိုင်တာမို့ ယခုအခြေအနေပေးတုန်း နေ့အဆိုင်းညအဆိုင်းတွေနဲ့ ထုတ်လုပ်နေကြတယ်လို့ ကြားသိနေရပါတယ်။ ယခုလိုပြုလုပ်ခြင်းဟာ ရွှေအများအပြားလိုချင်လို့ ငန်းမကြီးကိုသတ်နေတာနဲ့ အတူတူပဲဖြစ်ပါတယ်။ ဒီအတိုင်းသာ ဆက်လက်ပြီးတော့ လုပ်ကိုင်နေကြမယ်ဆိုရင် နောင်ကြလို့ရှိရင် ကျောက်စိမ်းဆိုတာ တရုတ်ကထွက်တဲ့ပစ္စည်း ဖြစ်ပါတယ်။ ကျောက်စိမ်းကောင်းကောင်းလိုချင်ရင် တရုတ်ပြည်ကိုသွားဝယ်ဆိုတဲ့ အခြေအနေမျိုးကို ဆိုက်ရောက်တော့မှာဖြစ်တဲ့အတွက် တာဝန်ရှိသူများ ပြန်လည်သုံးသပ်ဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်ပါကြောင်း ဆွေးနွေးရင်း ဦးခက်ထိန်နန် ရဲ့ အဆိုကို ထောက်ခံဆွေးနွေး တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၄၀။**

**ဥက္ကဋ္ဌ**။ ။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်(ခ) ဦးအောင်ကျော်ဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၀။**

**ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ကျွန်တော် ဦးခင်မောင်၊ ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၃)မှ ဂါရဝတရားနဲ့ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ဦးခက်ထိန်နန်ရဲ့ မြေစာတောင်ပြိုပြီးတော့ လူရာနဲ့ချီပြီးတော့ သေဆုံးရတဲ့အဖြစ်အပျက်မျိုး ကျွန်တော်တို့ မြန်မာ့သမိုင်းမှာဆိုလို့ရှိရင် အင်မတန်မှ တုန်လှုပ်စရာ ခဏလေးအတွင်းမှာ လူရာနဲ့ချီပြီးတော့ ဒီလိုအသက်ဆုံးရှုံးသွားတယ်ဆိုတာ အင်မတန်မှ တုန်လှုပ်စရာကိစ္စလေး ဖြစ်ပါတယ်။ ဒီလိုမျိုးဖြစ်ရတဲ့ဥစ္စာဟာ ဘာကြောင့်ဖြစ်ရလဲဆိုတဲ့ ဥစ္စာကို ဦးခက်ထိန်နန်ကသော်လည်းကောင်း၊ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ကြီးများကသော်လည်းကောင်း Power Point တွေနဲ့ ပြကြတယ်။ အချက်အလက်တွေနဲ့ တင်ပြတဲ့အခါကျတော့မှ ဒီဥစ္စာက ဒီလိုမျိုးဖြစ်ပျက်နေပါလား၊ စည်းမဲ့ကမ်းမဲ့ ကျွန်တော်တို့ ဒီဒေသတွေဟာ ဘာအကာအကွယ်မှမရှိဘဲနဲ့ ဒီလူတွေဟာ လုပ်ကိုင်စားသောက်နေကြတယ်၊ မရှိဆင်းရဲသားတွေဟာ ဘဝဝမ်းရေးအတွက် လုပ်ကိုင်စားသောက်နေရင်းနဲ့ ဆင်သေကောင်ကြီးနားမှာ တဝဲလည်လည်ဆိုတဲ့ ကျီးပမာ အသက်ဆုံးရှုံးကြရတယ်။ အန္တရာယ်ကိုသိရဲ့သားနဲ့အသက်ကို ဆုံးရှုံးခံပြီးတော့မှ ဘဝဝမ်းရေးအတွက် လုပ်ကိုင်စားသောက်နေတဲ့ လူတွေထဲမှာ

ကျွန်တော်တို့ ရခိုင်ပြည်က ရခိုင်ဒေသခံများကလည်းပဲ ရွှေ့ပြောင်းလုပ်သားများအနေနဲ့ အများကြီးပါဝင်သွားတယ်ဆိုတာကို ကြားသိရပါတယ်။

သိန်းနဲ့ချီပြီးတော့ ရခိုင်လူထုလည်း အဲဒီမှာရောက်နေကြပါတယ်။ အခုသေတဲ့အထဲမှာ လူဘယ်နှစ်ယောက်လောက်ပါသွားသလဲ ဆိုတာကို ကျွန်တော်စာရင်းတောင်းကြည့်တဲ့အခါမှာ အခုထိကို သေချာမပြောနိုင်ကြပါဘူး။ ကျွန်တော်တို့ ဝန်ကြီးဌာနတွေကတော့ အချက်အလက်တွေ ထုတ်ပြန်ပေးနိုင်လိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်။ မိသားစုတွေဟာ သူတို့ ဘယ်သူဘယ်ဝါ ပါသွားလဲဆိုတဲ့ဟာကို သိချင်နေကြပါတယ်။ အဲဒီအတွက် ဒီကိစ္စကို ကျွန်တော် ဝန်ကြီးဌာနကိုလည်း အကူအညီတောင်းပါတယ်။ နာမည်နဲ့တကွ ဒီဟာများကို ထုတ်ပြန်ပေးဖို့၊ ကျွန်တော်တို့နိုင်ငံဟာ စာရင်းအချက်အလက် Data ထုတ်ပေးတဲ့နေရာမှာ အင်မတန်မှနှေးကွေးပြီးတော့ အားနည်းမှုအများကြီးရှိပါတယ်။ ဒီအတွက်လည်း ကျွန်တော် ဝန်ကြီးဌာနကို တိုက်တွန်းချင်ပါတယ်။ နောက်တစ်ခုက ဒီအခု သတ္တုတွင်းကဏ္ဍမှာရော၊ သဘာဝပတ်ဝန်းကျင် ကဏ္ဍမှာရော အလေးအနက်ထားတဲ့ စကားလုံးတစ်လုံးဟာ Respect ဆိုတဲ့ စကားလုံးဖြစ်ပါတယ်။

ကျွန်တော်တို့ဟာ လုပ်ငန်းတစ်ခု လုပ်တဲ့နေရာမှာဖြစ်စေ၊ အကုန်လုံးသဘာဝ ပတ်ဝန်းကျင်ရော၊ လူ့စွမ်းအားအရင်းအမြစ်တွေရော၊ သတိထားပြီးတော့မှ၊ အလေးအနက်ထားပြီးတော့မှ လုပ်နေရတဲ့ ခေတ်ကာလဖြစ်ပါတယ်။ အဲဒီအချိန် ကာလမှာ ကျွန်တော်တို့ရဲ့ ရတနာသိုက်ကြီး ကမ္ဘာမှာ Jade တိုက်ဆိုတဲ့ ရှားရှားပါးပါး ကျောက်စိမ်းမှာ နာမည်အကြီးဆုံးအကောင်းစား ကျောက်စိမ်းမျိုးထွက်တဲ့ ကျွန်တော်တို့ ဒီရတနာဘဏ္ဍာတိုက်ကြီးဒေသမှာ ဒီလိုမျိုးဖြစ်ပျက်တယ်ဆိုတာ ကမ္ဘာတစ်ဝန်းလုံးက စိတ်ဝင်စားနေမှာပဲဆိုတာ ကျွန်တော် ထင်မြင်မိပါတယ်။ အဲဒီတော့ ဦးခက်ထိန်နန် တင်ပြသလိုပဲ ဒီလိုမျိုးကိစ္စတွေဟာ ထပ်မံမဖြစ်ပွားရန်အတွက် ကြိုတင်ကာကွယ်စီမံဆောင်ရွက်သွားရန်ဆိုတဲ့ အဆိုကို ကျွန်တော်ထောက်ခံပါတယ်။ ကြိုတင်ပြင်ဆင်မှု ဆိုတာဟာ ကျွန်တော်တို့ ကုသခြင်းသည် ကာကွယ်ခြင်းထက်ကောင်း၏လို့ ကျွန်တော်အမြဲတမ်းပြောလေ့ ရှိပါတယ်။ ဒီဟာအင်မတန်မှလက်ခံစရာပါ။ ကျွန်တော်တို့ ကာကွယ်ခြင်းဟာ နောက်ဖြစ်လာမယ့်အန္တရာယ်ကို တစ်ခါတည်း တားဆီးထားပြီးသား ဖြစ်ပါတယ်။ ဖြစ်ပြီးမှလုပ်ရတာဟာ မကောင်းပါဘူး။ ကျွန်တော်တို့ နောက်ဆက်တွဲပြဿနာတွေ အများကြီးဆုံးရှုံးပါတယ်။

အဲဒီတော့ ဒီမီးကို မလောင်ခင်တားဆိုသလို ကျွန်တော်တို့ ကြိုတင်ပြင်ဆင်မှုတွေ လိုအပ်တယ်ဆိုတာကို အခုကိစ္စကနေပြီးတော့ မီးမောင်းထိုးပြထားပါတယ်။ အဲဒီတော့ ဒီလိုမျိုးဖြစ်ရတဲ့ ဥစ္စာဟာ ဘယ်မှာ အားနည်းချက်ရှိသလဲလို့ ကျွန်တော်တို့ ခုနဆွေးနွေးကြတဲ့အခါမှာ ကြည့်တဲ့အခါကျတော့ စီမံခန့်ခွဲမှုဆိုတဲ့နေရာမှာ အားနည်းမှုရှိပါတယ်။ Policy ပိုင်းက၊ ဥပဒေပိုင်းက အားနည်းမှုရှိတယ်။ ဥပဒေကိုအကောင်အထည်ဖော်တဲ့နေရာမှာ အားနည်းချက်ရှိတယ်။ ဒေသအစိုးရတွေ၊ ဒေသခံအုပ်ချုပ်တဲ့အပိုင်းမှာ အင်မတန်မှ အားနည်းချက်ရှိတယ်လို့ ယူဆပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီလိုကိစ္စမျိုးတွေ ဖြစ်တဲ့အချိန်မှာ အမြဲတမ်း Action ဟာ နှောင့်နှေးတယ်။ ကျွန်တော်တို့ ကယ်ဆယ်ရေးအကူအညီဟာ နှောင့်နှေးမှုတွေ အမြဲတမ်းရှိတယ်။ ဒါကြောင့် ဒေသခံအစိုးရတွေဟာ ဒီထက်ပိုပြီးတော့မှ သူတို့ကိုလုပ်ပိုင်ခွင့်တွေကို ပေးဖို့လိုအပ်လာတယ်ဆိုတာကို ထင်ထင်ရှားရှားတွေ့နေရပါတယ်။ အခု ကျွန်တော်တို့ Federal စကားတွေ ပြောနေကြပါပြီ။ အဲဒီတော့ ဒီ အချိန်အခါမျိုးမှာ ကျွန်တော်တို့ ဒေသဆိုင်ရာ အစိုးရ

တွေဟာ ဒီထက်ပိုပြီးတော့ ထက်ထက်မြက်မြက် စွမ်းစွမ်းတမံ အင်တိုက်အားတိုက် ကိစ္စတိုင်းမှာ အရေး တစိုက်လုပ်ဖို့ လိုအပ်တယ်ဆိုတာကို ဒီကိစ္စကနေပြီးတော့ အထင်အရှားပြသနေပါတယ်။

အဲဒီတော့ ကျွန်တော်တို့ ဒီ အရင်းမဲ့လုပ်သားတွေဟာ သူတို့ အရင်းအနှီးမရှိတဲ့အတွက် လုပ်ကိုင်စားသောက်ဖို့အတွက် ရေကြည်ရာမြက်နုရာကို ရှာဖွေရင်းနဲ့ ဒီလိုရောက်လာတဲ့အခါမှာ ဒီ ဒေသ မှာလည်း သူတို့ကို အကာအကွယ် အစောင့်အရှောက် ဘာတစ်ခုမှ မရှိဘဲနဲ့ လုံခြုံမှုကင်းမဲ့စွာနဲ့ သူတို့ဟာ လုပ်ကိုင်စားသောက်နေရတယ်။ အန္တရာယ်ဘုံကြီးမှာ မြေစာပြင်ပေါ်မှာ တဲတွေထိုးပြီးတော့ နေထိုင်ကြ ရတယ်ဆိုတာ ဘယ်လိုမှမဖြစ်နိုင်တဲ့ ကိစ္စတွေ ဒီဥစ္စာ။ ကျွန်တော်တို့ ဒီဟာတွေကို ကာကွယ်ပေးရပါမယ်။ ဒီဥစ္စာကို အာဏာပိုင်အဖွဲ့အစည်းကနေပြီးတော့ လူသားတွေဟာ လူ့အရင်းအမြစ်တွေဟာ ကျွန်တော် တို့ အလဟဿမဆုံးရှုံးနိုင်ပါဘူး။ ကျွန်တော်တို့ ဒီဟာတွေကို ကျွန်တော်တို့က စွမ်းစွမ်းတမံ လုပ်ကိုင် ဆောင်ရွက်ဖို့ လိုပါတယ်လို့ ပြောချင်ပါတယ်။ အခုဟာ ကျေးရွာပေါင်း (၁၆၈)ရွာ၊ တိုးချဲ့တွေလည်း လာနေသေးတယ်။ နောက်ထပ် ဒီထက်များလာဦးမယ်။ ဒီလို မြေစာပုံက စည်းမဲ့ကမ်းမဲ့ စွန့်ပစ်ပြီးတော့ ဥပဒေကိုမလိုက်နာဘဲနဲ့ လုပ်ချင်တိုင်းလုပ်နေကြတဲ့အတွက် ဒီအပေါ်မှာ နောက်ထပ်လည်းပဲ သေကြ ဦးမယ်ဆိုတာကို မြင်နေမိပါသေးတယ်။ ဒါကြောင့် ဒီဟာကိုအလျင်အမြန် တားဆီးပြီးတော့ ဥပဒေပိုင်း အရ ထိထိရောက်ရောက်လုပ်ကိုင်ပေးပါလို့ တိုက်တွန်းချင်ပါတယ်။

နောက်တစ်ခုက ဒီလိုနေရာမျိုးဟာ ကမ္ဘာပေါ်မှာ အင်မတန်မှ ရှားပါတယ်။ ကျွန်တော်တို့ နိုင်ငံ လို ချမ်းသာတဲ့ နိုင်ငံ၊ ဒီလို ရတနာသတ္တုတွင်းတွေ၊ ရတနာသိုက်ကြီးတွေ၊ သယံဇာတပေါကြွယ်ဝတဲ့ မြန်မာ နိုင်ငံမှာ ကျွန်တော်တို့ဟာ ဆင်းရဲနေဖို့ မဟုတ်ပါဘူး။ ဆင်းရဲမှု လျှော့ချရေး အစီအစဉ်ဟာ ဒီထက် Enforcement လုပ်ပြီးတော့မှ ကျွန်တော်တို့ အားသွန်ခွန်စိုက်လုပ်လို့ရှိရင် ကျွန်တော်တို့ ဒီဆင်းရဲတဲ့ ကဏ္ဍအပိုင်းမှာ နည်းနည်းသက်သာခွင့်ရမလားလို့ ကျွန်တော်တွေးမိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် အနေနဲ့ကတော့ ဒေသခံလည်းမဟုတ်ဘူး။ ဒီကဏ္ဍတွေကို ကျွန်တော် ခြေခြေမြစ်မြစ်လည်း မသိပါဘူး။ သို့သော်လည်းပဲ ဒီကိစ္စမျိုးဟာ မဖြစ်သင့်ဘူး။ လူသားချင်း စာနာတဲ့အနေနဲ့ရော၊ ကျွန်တော်တို့နိုင်ငံ ဂုဏ်သိက္ခာအနေနဲ့ရော ဒီဟာကို ထောက်ခံဆွေးနွေးရင်းနဲ့ ကျွန်တော်တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံး ကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၄၇။**

**ဥက္ကဋ္ဌ။** ။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဖေသောင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၇။**

**ဦးဖေသောင်း၊ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားရပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဦးစွာ ပထမ ဂါရဝပြုပါတယ်ခင်ဗျား။ ကျွန်တော်က ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဖေသောင်း ဖြစ်ပါတယ်။ ဒီနေ့ ဦးခက်ထိန်နန် ရဲ့ မြေပြိုမှုကိစ္စနဲ့ ပတ်သက် ပြီးတော့မှ ကျွန်တော့်အနေနဲ့ လက်လှမ်းမီသလောက် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဖားကန့်ကျောက်စိမ်းတွင်း နယ်မြေမှာ အခုလိုဖြစ်စဉ်တွေ ဟာ မကြာခဏပဲ ဖြစ်နေတာကတော့ ထင်ရှားနေပါတယ်။ ဒါဘာကြောင့်မို့ အဲဒီလိုဖြစ်နေသလဲဆိုတဲ့အခါ

မှာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း Policy စနစ်တကျ ပီပီပြင်ပြင် ထိန်းကျောင်းမှု မရှိဘူးဆိုတာကိုပဲ သွားပြီးတော့မှ မြင်နေပါတယ်။ အဲဒီလို ပီပီပြင်ပြင် မရှိသရွေ့ကတော့ အခုလိုဖြစ်စဉ်မျိုးဟာ မကြာခဏဖြစ်လိမ့်မယ်လို့ ကျွန်တော်ကတော့ ဒီလိုပဲ ယူဆသုံးသပ်ပါတယ်။ အတိတ်က သတ္တုဆောင်ရွက်ခဲ့တဲ့ အပိုင်းလေးကို လေ့လာလိုက်တဲ့အခါ တစ်ချိန်တုန်းကလည်းပဲ ကျွန်တော်တို့ နိုင်ငံမှာ အစိုးရကနေပြဌာန်းတဲ့ ဥပဒေတွေ၊ နည်းဥပဒေတွေ၊ Policy တွေကို သတ္တုလုပ်ငန်းရှင်များရော၊ ဖက်စပ်ကုမ္ပဏီတွေရော၊ တာဝန်ရှိတဲ့ဝန်ထမ်းတွေရော တလေးတစားလိုက်နာဆောင်ရွက်ခဲ့တဲ့အတွက်ကြောင့်မို့လို့ အဲဒီအတိတ်က သတ္တုလုပ်ငန်းတွေကလည်းပဲ အောင်မြင်မှုရှိခဲ့တာကို လေ့လာမှတ်သားမိပါတယ်။

အတိတ်က ကျွန်တော်တို့ ၁၉၆၂ ခုနှစ်မှာဆိုရင် ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အကြီးစား သတ္တုတွင်းဆိုလို့ ရှမ်းပြည်နယ်မြောက်ပိုင်းမှာ နမ္မတူဘော်တွင်း၊ ကယားပြည်နယ်မှာ မော်ချီးသတ္တုတွင်း၊ နောက်ပြီးတော့မှ ကျွန်တော်တို့ တနင်္သာရီ ဟိန္ဒြားသတ္တုတွင်းတွေရှိနေတာကို လေ့လာခဲ့ရပါတယ်။ အဲဒီအချိန်ကာလမှာ အဲဒီမှာဆောင်ရွက်တဲ့ လုပ်ငန်းတွေနဲ့ ပတ်သက်ပြီးတော့မှ နိုင်ငံတော်အစိုးရက နေပြီးတော့မှ ချမှတ်တဲ့ ဥပဒေကြောင်း၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း ချမှတ်တဲ့ မူဝါဒ Policy တွေမှာ ဝန်ထမ်းကရော၊ သတ္တုလုပ်ငန်းလုပ်နေကြတဲ့ ပြည်သူတွေရော၊ ဖက်စပ်ကုမ္ပဏီတွေရော နည်းစနစ်တွေကို အလေးထားပြီးတော့မှ ဆောင်ရွက်တဲ့ အပိုင်းလေးကို တွေ့ခဲ့ရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အဲဒီဟာနဲ့ ပတ်သက်ပြီးတော့မှ နမ္မတူဘော်တွင်းလေးရဲ့ ဆောင်ရွက်ချက်ကလေးကို သွားမြင်တဲ့အခါကျတော့ နမ္မတူဘော်တွင်းမှာ အဲဒီအချိန်ကာလမှာ အလုပ် သမား(၆၀၀၀)ကျော်နဲ့ လုပ်နေခဲ့တာကို လေ့လာမိခဲ့ပါတယ်။ အဲဒီ လုပ်နေတဲ့ (၆၀၀၀)ကျော်အပေါ်မှာ နိုင်ငံတော်ကနေပြီးတော့ အစိုးရကလည်းပဲ အရာရှိ၊ အရာခံ၊ နောက် အင်ဂျင်နီယာ၊ ကြီးကြပ်သူများ (၂၅၀)ခန့်နဲ့ အနီးကပ် ကွပ်ကဲပြီးတော့မှ အုပ်ချုပ်ပြီးတော့မှ လုပ်ခဲ့တဲ့မြင်ကွင်းကလေးဟာလည်းပဲ တော်တော်လေး နမူနာယူစရာကောင်းပါတယ်။

ဒါကြောင့်မို့လို့ ဝန်ထမ်းအဆင်ဆင့်ဟာလည်းပဲ အလုပ်ခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ အလုပ်သမားတွေရဲ့ ကျန်းမာရေး၊ နေထိုင်မှု၊ ကုမ္ပဏီတွေရဲ့ အလုပ်သမားအပေါ်မှာ ပံ့ပိုးကူညီမှု၊ ဂရုစိုက်မှု ရှိ/မရှိ အစဉ်ထိန်းကျောင်း ဆောင်ရွက်နေတဲ့အတွက်ကြောင့်မို့လို့ ဒီအချိန် ဒီကာလမှာ ဆောင်ရွက်ခဲ့တာလေးကလည်းပဲ တော်တော်လေး ပီပီပြင်ပြင် အောင်မြင်ပြီးတော့မှ နိုင်ငံတော်ရဲ့ ဝန်ထမ်းများကလည်းပဲ သတ္တုတွင်းဦးစီးဌာနရုံးခွဲကိုပါ အနီးကပ်ဖွင့်လှစ်ခဲ့တာကို တွေ့ရပါတယ်။ ဒါမှ သာလျှင်လည်း လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးကို ထိထိရောက်ရောက် ပညာပေးပြီးတော့မှ ပတ်ဝန်းကျင် သန့်ရှင်းရေးတို့၊ ကျန်းမာရေးတို့ ကိစ္စအဝဝကိုလည်းပဲ အမြဲအချိန်ပြည့် ကွပ်ကဲသွား နိုင်မှာ ဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်တဲ့ နေရာမှာ ဒေသမှာထိုင်တဲ့ အင်ဂျင်နီယာတွေရဲ့ လိုအပ်ချက်ပစ္စည်းကိရိယာတွေ၊ နောက်ပြီးတော့ လိုအပ်တဲ့ ဝန်ထမ်းအင်အားတွေ၊ နောက်ပြီးဆောင်ရွက်ရမယ့် Budget တွေကလည်းပဲ အလုံအလောက် ဒါခွင့်ပြုဖို့တော့လိုပါတယ်။ ဒီလိုသာလုပ်မယ်ဆိုရင် အကျိုးသက်ရောက်မှုက ထိရောက်အောင်မြင်မှာ ဖြစ်ပါတယ်။ ချမှတ်တဲ့ ဥပဒေလမ်းကြောင်းကိုလည်းပဲ ဒါ လေးစားလိုက်နာကြရမယ့် အနေအထားမျိုးကို တွေ့ရပါတယ်။

ဒေသခံအာဏာပိုင် အဖွဲ့အစည်းများရဲ့ ကူညီမှုကို ရယူပိုင်ခွင့် ရှိလာမှာ ဖြစ်ပါတယ်။ အတိတ်က သတ္တုတွင်းတွေမှာ သတ်မှတ်ထားတဲ့ ဥပဒေလမ်းကြောင်းအပေါ်မှာ အလေးထား ဆောင်ရွက်ခဲ့တာ

ကြောင့်မို့လို့လည်းပဲ အလုပ်သမားများကလည်း ကုမ္ပဏီတွေအပေါ်မှာ အားထားစရာဖြစ်သလို ကုမ္ပဏီများကလည်းပဲ အလုပ်သမားများအပေါ်မှာ ယုံကြည်ခဲ့ကြတယ်။ ဆောင်ရွက်ခဲ့ကြတယ်။ ကုမ္ပဏီများကလည်း အကျိုးအမြတ်ရှိ၊ ဝန်ထမ်းများကလည်းပဲ အကျိုးအမြတ်ရှိတဲ့အပြင် အိုနာစာတွေ၊ အမြတ်ခွဲဝေတာတွေပေးခဲ့တယ်ဆိုတာ တွေ့ရပါတယ်။ နိုင်ငံတော်အစိုးရ အနေနဲ့ကလည်းပဲ သူဖက်စပ်အရ အမြတ်ငွေကလည်း တစ်ဝက် သူရရှိတဲ့ဟာကို လေ့လာရပါတယ်။ မြေခွန်ခတို့၊ နိုင်ငံရဲ့ မူလရပိုင်ခွင့် သတ္တုခွန်တို့၊ အမြတ်ခွန်၊ ကုန်ရောင်းကုန်ဝယ်ခွန်၊ အကောက်ခွန်၊ ပို့ကုန်သွင်းကုန်ခွန်၊ ဝန်ထမ်းများထံမှလည်း ဝင်ငွေခွန်များကို နိုင်ငံတော်က အကျိုးအမြတ်ရရှိတာကို လေ့လာရပါတယ်။ ဘဏ်တွေဆိုရင်လည်းပဲ ဝန်ဆောင်မှု လုပ်ငန်းများကို အကျိုးဆောင်ခတွေ၊ အဲဒီ အချိန်တုန်းက ပြည်တွင်းမှာ ငွေစင်တို့၊ ခဲစင်တို့၊ ခနောက်စိမ်းတို့ ပြည်တွင်းမှာ ဖြန့်ဝေရောင်းချပေးတဲ့ အတွက် ကွင်းဆက်လုပ်ငန်းများလည်းပဲ အထောက်အပံ့ရတာကို လေ့လာတွေ့ရှိရပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ နိုင်ငံတော်ရဲ့ သယံဇာတပစ္စည်းမှာ အတိတ်ကာလကထက်စာရင် အဆပေါင်းများစွာ ပေါ်ထွက်နေတာကို လေ့လာတွေ့ရှိရပါတယ်။ သို့သော် လည်း နိုင်ငံတစ်ခုလုံးရဲ့ ထွက်ကုန်မှာ သယံဇာတကနေ ထွက်ရှိတဲ့ တန်ဖိုးက အင်မတန်မှ နည်းတာကို လေ့လာတွေ့ရှိရပါတယ်။ ရာခိုင်နှုန်းအားဖြင့်ဆိုရင် (၁.၇)ရာခိုင်နှုန်းလောက်သာ နေရာယူထားတယ်လို့ ဒီလို လေ့လာမှတ်သားဖူးပါတယ်။ ဒါကြောင့် နိုင်ငံတော်ရဲ့ သယံဇာတတွင်းတွက်ပစ္စည်းတွေဟာ အလွန်နည်းရခြင်း အကြောင်းအရင်းကလည်းပဲ ဒီနေ့ ပြည်ထောင်စုအစိုးရကနေပြီးတော့မှ သတ်မှတ်လိုက်တဲ့ သတ္တုဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ မူဝါဒတွေအပေါ်မှာ တကယ်တမ်းကျတော့ သတ္တုလုပ်ငန်းခွင်ထဲမှာ မရောက်ဘဲနဲ့ စာရွက်အပေါ်မှာ ရှိနေသလို ဖြစ်နေပါတယ်။ အကယ်၍သာ အဲဒီလို ချမှတ်တဲ့ မူဝါဒတွေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းတွေကို ပုဂ္ဂလိကကုမ္ပဏီများတွေရော၊ သတ္တုရှာဖွေတဲ့ အသက်မွေးဝမ်းကျောင်းပြုတဲ့ ပြည်သူများထံကို ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိအောင် ဆောင်ရွက်ဖို့တော့ လိုပါမယ်။ သတ္တုလုပ်ငန်းရှင်များ လုပ်ကိုင်စားနေတဲ့ဥပဒေလမ်းကြောင်းနဲ့ ပတ်သက်ပြီးတော့မှ ဒီနေ့ ဒီအချိန်ခါမှာ လူတွေဟာ လုပ်သာလုပ်နေကြတယ်။ သတ္တုဥပဒေကြောင်းကိုလည်းပဲ သိရှိနားလည်ရကောင်းမှန်း မသိပါဘူး။

ဒါကြောင့်မို့လည်းပဲ တစ်ချိန်တုန်းက ဖားကန့်မှာဆိုရင် ဖားကန့်ယူမာမှာဆိုရင် ယမ်းဘီလူးဂိုဒေါင် ပေါက်ကွဲပြီးတော့မှ မြောက်မြားစွာသော လူတွေဟာ နားအုံကွဲပြီးတော့မှ သေဆုံးခဲ့ကြရတဲ့ အဖြစ်များကိုလည်း ကြုံတွေ့ခဲ့ရပါတယ်။

နောက် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်စိမ်းသတ္တုတူးဖော်နေကြတဲ့ ပြည်သူများ၊ ကုမ္ပဏီများဟာလည်းပဲ ဒီနေ့ဒီအချိန်အခါမှာ မိမိစိတ်သဘောအတိုင်း ဥပဒေကြောင်းကို ဥပက္ခာပြုပြီးတော့ လုပ်ချင်သလို လုပ်နေကြတာကို တွေ့မြင်နေကြရပါတယ်။ တကယ်တော့လည်းပဲ သတ္တုကြီးကြပ်ဝန်ထမ်းဆိုတာကလည်း အမှန်အတိုင်း ပြောမယ်ဆို လုပ်ငန်းခွင်မှာ ယခင်ခေတ်ကလို ဝင်ရောက်ကြီးကြပ်နိုင်ဖို့ အနေအထားမျိုး သိပ်မရှိပါဘူး။ ဒါကြောင့်မို့လို့ လုပ်ငန်းခွင် ယခင်ကာလက သတ္တုရုံးဖွင့်သလို ဒါကို အနီးကပ်ဖွင့်ပြီးတော့မှ ပြည့်ပြည့်ဝဝ ဆောင်ရွက်နိုင်မယ်ဆိုရင် ဒီနေ့ ကျွန်တော်တို့ နိုင်ငံရဲ့ သတ္တုလုပ်ငန်းဟာလည်းပဲ ပီပီပြင်ပြင်အောင်မြင်လာသလို၊ စည်းနဲ့ကမ်းနဲ့ဖြစ်လာရင် ဒီလို အဖြစ်မျိုးတွေဟာ ပိုပြီးတော့မှ နည်းလာမယ်လို့ ယူဆပါတယ်။ ဒီနေ့ ကျွန်တော်တို့ သတ္တုတွင်းရဲ့ ဥပဒေတွေကတော့

အမှန်အတိုင်းပြောမယ်ဆိုရင် သတ်မှတ်ထားတဲ့ Policy တွေဟာ လုပ်ငန်းရှင်တွေ၊ ကုမ္ပဏီတွေ၊ ဦးပိုင်တွေရဲ့ အထက်မှာ နေရမယ့်အစား အောက်မှာ နေထားသလို ဖြစ်နေတယ်။ ဥပဒေတွေက အောက်မှာ ပျောက်နေသလို ဖြစ်နေတဲ့ အနေအထားကြောင့်မို့လို့ ခါးပိုက်ဆောင်လိုပဲ ဖြစ်နေပါတယ်။

ဒါကြောင့်မို့လို့ လုပ်ငန်းခွင် ဘေးအန္တရာယ် လုပ်သားပြည်သူများရဲ့ ပတ်ဝန်းကျင်မထိခိုက်ရေး၊ ထိန်းသိမ်းရေး၊ လူမှုဘဝမြှင့်တင်ဖို့ လုပ်ဆောင်တဲ့နေရာမှာ ထိန်းကျောင်းနိုင်တဲ့အဆင့် မရှိတာကြောင့်မို့လည်းပဲ ဒီလိုလူသေမှုကိစ္စဟာ ဖြစ်မြဲပဲဖြစ်နေမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် အကြံပြုလိုတာက ကျွန်တော်တို့ နိုင်ငံဟာ သဘာဝသယံဇာတ ပေါကြွယ်ဝတဲ့နိုင်ငံတစ်နိုင်ငံဖြစ်လို့ ဒီနေ့ ကျွန်တော်တို့ နိုင်ငံမှာ လူသူ အရောက်အပေါက်နည်းတဲ့ မြေအောက်မြေပေါ် သယံဇာတပေါကြွယ်ဝတဲ့ တောတောင်တွေကလည်း အများကြီးရှိပါသေးတယ်။ ယခုလိုထွက်လာတဲ့ သယံဇာတဟာ တိုင်းပြည်နဲ့ လူမျိုးအတွက် အကျိုးခံစား ခွင့်ရှိနိုင်ဖို့ပြဋ္ဌာန်းတဲ့ ဥပဒေ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းနဲ့ Policy တွေဟာ ပြောင်းလဲမှုတွေဟာ ကြပ်ကြပ်မတ်မတ် ဆောင်ရွက်ဖို့လိုနေပါပြီ။

ဒီလို ဆောင်ရွက်ကြမှသာလျှင် တာဝန်ရှိတဲ့ ပြည်ထောင်စုဝန်ကြီးများနဲ့လုပ်ငန်းခွင် ကြီးကြပ်တဲ့ အရာရှိ၊ အရာခံအင်ဂျင်နီယာ ကြီးကြပ်သူများကလည်း မတော်လောဘတွေက ကင်းနိုင်ဖို့တော့ လိုအပ်မှာပဲ။ သတ္တုလုပ်ငန်းရှင်များကိုလည်းပဲ သတ်မှတ်ထားတဲ့ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း လေးလေးစားစား တိတိကျကျ လိုက်နာစေဖို့ရာအတွက် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ သတ္တုနဲ့ အသက်မွေးဝမ်းကျောင်းပြုနေတဲ့ ပြည်သူများကလည်း ဥပဒေကြောင်း ဥပဒေ၊ နည်းဥပဒေ၊ ချမှတ်တဲ့ မူဝါဒစည်းမျဉ်း၊ စည်းကမ်းကို လိုက်နာတတ်ဖို့ရာအတွက် ပညာပေးဟောပြောဖို့လည်း လိုပါတယ်။ ယနေ့တွင်းထွက်တဲ့ ကုန်ရဲ့တန်ဖိုးဟာ နိုင်ငံတော်မှာ မဆိုစလောက် အပိုင်းကလေးဖြစ်နေတာကို အခြေအနေဆိုးနေတာကို ပြသနေခြင်းဖြစ်ပါတယ်။ ဤအခြေအနေကလွတ်မြောက်ဖို့ဆိုရင် ကျွန်တော်တို့ တရားဥပဒေကို တန်ဖိုးထားလေးစားတဲ့ ကျင့်သားရတဲ့ အသိပညာ၊ နည်းပညာကြွယ်ဝတဲ့ အကြီးစားသတ္တု တွင်းလုပ်ငန်း ကုမ္ပဏီကြီးရဲ့ ရင်းနှီးမြှုပ်နှံမှု ရှိလာဖို့လိုပါတယ်။ ဒီလိုရှိလာနိုင်ဖို့ကလည်းပဲ နိုင်ငံတော်က နေပြီးတော့မှ အခြေအနေဖြစ်လာရေးကို ဖန်တီးဆောင်ရွက်ဖို့လိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံတော်ရဲ့ မြေပေါ်မြေအောက် သယံဇာတတွေဟာ များစွာရှိသေးသလို ဒီနေ့ နိုင်ငံတော်ရဲ့ ဘူမိဗေဒပညာရှင်များကလည်းပဲ နေရာအနှံ့မှာ ကွင်းဆင်းတိုင်းတာပြီးတော့မှ မှတ်တမ်းပြုထားနိုင်တဲ့အနေအထားမရှိသေးဘူးဆိုတာ လေ့လာရပါတယ်။ ဒါကြောင့်မို့ အခြားနိုင်ငံက သတ္တုသဘာဝကို လေ့လာရှာဖွေတဲ့သူတွေဟာဆိုရင် ဘာတွေပြောနေလဲဆိုရင် မြန်မာနိုင်ငံရဲ့ သယံဇာတ ဟာ နောက်ဆုံးနယ်မြေသစ်တစ်ခုလို့ သူတို့ကသတ်မှတ်ထားပါတယ်။ ဒါကြောင့်မို့ နိဂုံးချုပ်တင်ပြရမယ်ဆိုရင် ကျောက်စိမ်းတွင်းနဲ့ မြန်မာဦးပိုင်သတ္တုလုပ်ငန်း အသက်မွေးဝမ်းပြုတဲ့လူများ မိမိထင်သလို လုပ်ချင်သလိုလုပ်နေတာကို နိုင်ငံတော်အနေနဲ့ သတ္တုတွင်းဥပဒေများကို ပြဋ္ဌာန်းပြီးတော့မှ အစိုးရဌာနအသီးသီးကိုလည်းပဲ အကျေအညက် သင်ကြားလေ့လာပြီး ကုမ္ပဏီတွေကိုလည်း ဥပဒေသတ်မှတ်ထားတဲ့တိုင်း တိတိကျကျ လိုက်နာစေဖို့ လေ့ကျင့်ပေးဖို့ လိုအပ်ပါတယ်။

ပြဋ္ဌာန်းတဲ့ဥပဒေများကိုလည်း ပြည်သူများ ထဲထဲဝင်ဝင်လေ့လာနိုင်ပြီးတော့မှ လွှတ်တော်ကလည်းပဲ အသေအချာသုံးသပ်ပြီးတော့မှ သမ္မတကြီးဆီပို့ပြီးတော့မှ လက်မှတ်ထိုး အတည်ပြုဆောင်ရွက်ဖို့လိုပါတယ်။ အဲဒီလို လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် သတ္တုတူးဖော်ရေး

ဝန်ထမ်းများ အင်အားများအပြည့်အဝနဲ့ လုပ်ငန်းခွင်အတွင်း သတ္တုတူးဖော်ရေး ဦးစီးဌာနရုံး မဖြစ်မနေ ဖွင့်လှစ်ပြီး ............။

**အချိန်၊ ၁၁း၅၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးထွန်းဇော်(ခ) ကိုပေါက် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၅၇။**

**ဦးထွန်းဇော်(ခ)ကိုပေါက်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးခက်ထိန်နန်၏ အဆိုနဲ့ပတ်သက်ပြီးသတ္တု သယံဇာတ ကော်မတီဥက္ကဋ္ဌ ဦးလှဆွေ ရဲ့ ကိုယ်စား ကျွန်တော်က သူ့ရဲ့မူရင်းစာသားများအတိုင်း ဖတ်ကြားထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

၁။ အမျိုးသားလွှတ်တော်မှ ဖွဲ့စည်းထားသော သတ္တုသယံဇာတနှင့် ...။

**ဥက္ကဋ္ဌ**။ ။ ဦးလှဆွေကိုယ်စား ဆိုတာ ဦးလှဆွေ က ဆွေးနွေးဖို့ အမည်စာရင်း တင်သွင်း ထားလို့လား။ ဦးလှဆွေကိုယ်စား ဆိုတာ ဦးလှဆွေက အမည်စာရင်းတင်သွင်းပြီးတော့မှ ကိုထွန်းဇော်က ဆွေးနွေးတာလား။ အဲဒါ မရဘူးလေ။ အဲဒါ။ မိမိ အမည်စာရင်းတင်သွင်း မိမိ ဆွေးနွေးတာဆို ရတယ်။ ဘယ်သူ့ အမည်စာရင်းတင်သွင်းတာလဲ။

**အခမ်းအနားမှူး**။ ။ ဦးလှဆွေက မတင်တော့ဘူး။ မတင်တော့ဘဲနဲ့ ဦးထွန်းဇော် က ဆွေးနွေးမယ်ဆိုပြီး အမည်စာရင်း လာပေးတာ။

**ဥက္ကဋ္ဌ**။ ။ မိမိအမည်နဲ့ မိမိတင်ထားတာလား။ အဲဒါဆို ဘာလို့ ဦးလှဆွေ ကိုယ်စားဆိုပြီး ဆွေးနွေးတာလဲ။ ဥပဒေအရ ဆို ဦးလှဆွေ ကိုယ်စား ဆွေးနွေးလို့မရဘူး။ မိမိအနေနဲ့မိမိ ဆွေးနွေးမှာလား။ ဘယ်လို ဆွေးနွေးမှာလဲ။

**ဦးထွန်းဇော်(ခ)ကိုပေါက်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ ဦးခက်ထိန်နန် ရဲ့ အဆိုနဲ့ ပတ်သက်ပြီး ကျွန်တော် ဦးထွန်းဇော်(ခ)ကိုပေါက် မှ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒီ မြေပြိုမှုနဲ့ ပတ်သက်ပြီး မြေပြိုတဲ့နေရာဟာ စိမ့်ရေထွက်တဲ့နေရာ ဖြစ်တဲ့အတွက် လူနေတဲများအတွက် ချက်ပြုတ် စားသောက်ရေး သင့်တော်သောနေရာဖြစ်တဲ့အတွက် ၎င်းနေရာမှာ စုဝေးနေထိုင်ကြခြင်းပဲ ဖြစ်ပါတယ်။ ဒါကြောင့်လည်း စိမ့်ရေထွက်သောမြေစာပုံများ ပြိုကျခဲ့ခြင်းလည်း ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်အတွင်းက (၃၆)ကြိမ် ပြိုကျခဲ့ကြောင်းသိရပြီး လူသေများ၊ အနည်းနဲ့အများကွာခြားနေပုံကိုလည်း တွေ့ရပါတယ်။ ဒါကြောင့် သဘာဝဘေးအန္တရာယ်ကျရောက်ပါက မည်သို့ကယ်တင်မယ်၊ မည်သို့ အစီမံ ရှိ/မရှိ၊ တရားဥပဒေ စိုးမိုးမှုအားနည်းတဲ့အရပ်ဒေသဖြစ်ကြောင်းလည်း တွေ့ရပါတယ်။ ကုမ္ပဏီပေါင်း(၈၀၈)ခု၊ တစ်ဧကလုပ် ကွက်ပေါင်း(၁၅၆၃၈)ကွက်၊ ဖက်စပ်ကုမ္ပဏီပေါင်း(၂၂၂)ခုနဲ့ လုပ်ကွက်ပေါင်း (၃၀၂)ကွက် အတွက် မြေစာပုံရန် သတ်မှတ်ထားတဲ့နေရာ(၁၃)နေရာသာ ရှိပါတယ်။ ဖိသိပ်မှုမရှိတဲ့ မြေစာပုံကြီး များဟာ ပေထောင်ချီမြင့်မားတာ တွေ့ရှိရတဲ့အတွက် ထပ်မံပြိုကျနေဦးမှာလည်း ဖြစ်ပါတယ်။ ကယ်ဆယ် ရေးအစီအစဉ်ဟာ မြေပိပြီးတဲ့နောက် (၁၈)နာရီကြာမှ စတင်နိုင်တယ်။ ပြည်နယ်အစိုးရ တာဝန်ရှိသူ

များကလည်း (၅)ရက်ကြာမှ ရောက်လာနိုင်တဲ့အတွက်ကြောင့် ဒုက္ခရောက် ပြည်သူများအတွက် အားကိုး အားထားခြင်း မပြုနိုင်ကြောင်းလည်း တွေ့ရပါတယ်။ ပြည်နယ်အစိုးရ တာဝန်ရှိသူမှ ပြောကြားရာမှာ ဖားကန့်ဒေသဟာ ပြည်ထောင်စုအစိုးရ တိုက်ရိုက်ကိုင်တွယ်ခြင်းနဲ့ လုံခြုံရေးကြောင့် မလာရောက်နိုင်ခြင်းတို့မှာ ဆီလျော်မှုမရှိကြောင်းလည်း တွေ့ရပါတယ်။

ဒါ့ကြောင့် ပြည်နယ်အစီအစဉ်နဲ့ ကွယ်လွန်သူများအတွက်လည်းပဲ အလောင်းရလျှင် (၆) သိန်း၊ အလောင်းမရလျှင်(၄)သိန်း ထောက်ပံ့နိုင်ကြောင်းလည်း တွေ့ရပါတယ်။ နိဂုံးချုပ်အနေနဲ့ နောင်အလားတူ မဖြစ်စေရန်အတွက် လတ်တလောဆောင်ရွက်ရမည်မှာ ပြိုကျနိုင်ခြေရှိတဲ့ မြေစာပုံအနီးမှ လူနေတဲ့များအား ဖိအားပေးပြောင်းရွှေ့စေရန်ဖြစ်ပြီး ရေရှည်ဆောင်ရွက်ရန်မှာ တရားဥပဒေစိုးမိုးရေးနဲ့ ကျောက်မျက်ဥပဒေအသစ် အလျင်အမြန်ပေါ်ပေါက်ရေးသာဖြစ်ကြောင်း တင်ပြရင်း ထောက်ခံဆွေးနွေး အပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၂း၀၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးခက်ထိန်နန် တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၁၊ နည်းဥပဒေခွဲ(ဂ) အရ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က (၂၁)ရက် အတွင်း ပြန်လည်ဖြေရှင်း ဆွေးနွေးနိုင်သည့်အတွက် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က လာရောက်ဆွေးနွေးနိုင်မည့်နေ့ရက်မှာ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမည်ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၁၂) ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၁၃) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂း၀၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၁၃)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြိုတင်အသိပေးမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ၁၂း၀၀ နာရီအချိန်တွင် ရပ်နားပါသည်။]